


၂၀၂၄ ခုနှစ်၊ ဂျပန်နိုင်ငံနှင့်
အာရှနိုင်ငံများအတွင်း အရောင်းရဆုံးစာအုပ်
mgyoe.com
SAMPLE BOOK
လပြည့်ညကော်ဖီဆိုင်
ဝေကျာထူး
ဘာသာပြန်သည်၊
The Full Moon CoFFee Shop
Mai Mochizuki (Translated by Jesse Kirkwood)

‘ကိုယ့်ကိုယ်ကိုယ် နားလည်အောင်လုပ်ပါ။
ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် ဖော့ဖျောတ်ပေးနိုင်ပါလိမ့်မယ်။
အဲဒီလိုလုပ်ပေးနေသရွေ့
ခင်ဗျားဟာ ခင်ဗျားဆိုတဲ့ ကြယ်တစ်ပွင့်အနေနဲ့
ထွန်းလင်းတောက်ပလာပါလိမ့်မယ်’
‘ကျွန်မဆိုတဲ့ ကြယ်တစ်ပွင့်၊ ဟုတ်လား . . .’
‘လူတွေဟာ သူ့နည်းသူ့ဟန်နဲ့တော့
ကြယ်ပွင့်လေးတွေပါ မိုရှတ် . . .။
လူတိုင်းပါပဲ . . .

ဂျပန်နိုင်ငံမှာ ကြောင်တွေဟာ ကံကောင်းခြင်းကို ကိုယ်စားပြုတဲ့ သင်္ကေတတစ်ခု ဖြစ်ပါတယ်။ ယုံတမ်းစကား ပြောကြတာကတော့ ကြောင်တွေကို ကြင်ကြင်နာနာ ဆက်ဆံပေးရင် သူတို့ကလည်း တစ်နေ့မှာ ပြန်ပြီးတော့ ကျေးဇူးပြုကြလိမ့်မယ်တဲ့။

တလက်လက်တောက်ပနေတဲ့ လပြည့်ဝန်းကြီးရဲ့အောက်က ကျိုတိုမြို့မှာ နေရာအတည်တကျ မရှိတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ဟာ လိုအပ်လာတဲ့ အချိန်အခါကျမှ ပေါ်လာလေ့ရှိတယ်။ ကော်ဖီဆိုင် တစ်ဆိုင်လုံးကို ဦးစီးပြီး ဖွင့်ထားတာကတော့ စကားပြောတဲ့ ကြောင်တွေပါပဲ။

ဒီကော်ဖီဆိုင်ကို မထင်မှတ်တဲ ရောက်လာကြတဲ့လူတွေကတော့ သူတို့ရဲ့ဘဝမှာ လမ်းပျောက်သလို ဖြစ်နေကြတဲ့လူတွေပါ။
ကံခေနေတဲ့ ဇာတ်ညွှန်းဆရာမတစ်ယောက်၊
အချစ်ကြောင့် နာကျင်နေရတဲ့ တီဗွီဒါရိုက်တာတစ်ယောက်၊
မျှော်လင့်ချက်ကြီးတဲ့ ဆံပင်ညှပ်ဆရာမတစ်ယောက်နဲ့
အစစအရာရာ လွဲချော်နေတတ်တဲ့ ဝက်ဘ်ဆိုက်ဒီဇိုင်နာတစ်ယောက် . . .

ကော်ဖီဆိုင်က ကြောင်တွေကကော
ဆန်းကြယ်တဲ့ နက္ခတ်ဗေဒင်ပညာကို အသုံးပြုပြီး ဒီလူတွေရဲ့ ကံကြမ္မာလမ်းကြောင်းကို တည့်မတ်ပြုပြင်ပေးနိုင်မှာလား။
အတိတ်က သူတို့ရဲ့ ပတ်သက်ဆက်နွှယ်မှုတွေကကော ဘာတွေဖြစ်မလဲ . . .

ISBN 9789997136817
ZYT67
9 789997 136817
MMK 8,000.00

mgyee.com SAMPLE BOOK
mohoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ထုတ်ဝေသူ | · ဒေါ်အိဝတ်ရည်ထွန်း၊ |
| | · ဂျူတီစာပေ(၀၂၀၇၇)၊ |
| | · အမှတ်(၄၉၉)၊ဖြ-လွှာ(က)၊ |
| | · ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | · လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | · ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | · ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |


ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၅၊ ဖေဖော်ဝါရီလ

စေရာထူး/
လပြည့်ညကော်ဖီဆိုင်
မျက်နှာဖုံးပန်းချီ–တော်တီဆွေ
စာမျက်နှာ ၂၂၇ မျက်နှာ၊
၁၃ စင်တီ× ၂၀.၅ စင်တီ

mgyoe.com

mgyoe.com

SAMPLE BOOK




၂၀၂၄ ခုနှစ်အတွက် ဂျပန်နိုင်ငံနှင့်
အာရှနိုင်ငံများအတွင်း အရောင်းရဆုံးစာအုပ်။

mgyoe.com

m g y o e . c o m SAMPLE BOOK
m g y o e . c o m

mgyoe.com SAMPLE BOOK

"ကိုယ့်ကိုယ်ကိုယ် နားလည်အောင်လုပ်ပါ။
ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ပေးနိုင်ပါလိမ့်မယ်။
အဲဒီလိုလုပ်ပေးနေသရွေ့
ခင်ဗျားဟာ ခင်ဗျားဆိုတဲ့ ကြယ်တစ်ပွင့်အနေနဲ့
ထွန်းလင်းတောက်ပလာပါလိမ့်မယ်"

"ကျွန်မဆိုတဲ့ ကြယ်တစ်ပွင့်၊ ဟုတ်လား. . . "

"လူတွေဟာ သူ့နည်းသူ့ဟန်နဲ့တော့
ကြယ်ပွင့်လေးတွေပါ မိဖုကီ. . . ၊
လူတိုင်းပါပဲ. . . "



mgyoe.com

mgyoe.com SAMPLE BOOK

ဂျပန်နိုင်ငံမှာ ကြောင်တွေဟာ ကံကောင်းခြင်းကို ကိုယ်စားပြုတဲ့ သင်္ကေတတစ်ခု ဖြစ်ပါတယ်။ ယုံတမ်းစကား ပြောကြတာကတော့ ကြောင်တွေကို ကြင်ကြင်နာနာ ဆက်ဆံပေးရင် သူတို့ကလည်း တစ်နေ့မှာ ပြန်ပြီးတော့ ကျေးဇူးပြုကြလိမ့်မယ်တဲ့၊ တကယ်လို့များ သင်က အဲဒီကြောင်တွေထဲကမှ ကွက်တိကိုက်ညီတဲ့ ကြောင်တစ်ကောင်ကောင်ကို ကြင်ကြင်နာနာနဲ့ ဆက်ဆံပေးခဲ့မယ်ဆိုရင်တော့. . .

တလက်လက်တောက်ပနေတဲ့ လပြည့်ဝန်းကြီးရဲ့အောက်က ကျိုတိုမြို့မှာ နေရာအတည်တကျမရှိတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ဟာ လိုအပ်လာတဲ့ အချိန်အခါကျမှ ပေါ်လာလေ့ရှိတယ်။ ကော်ဖီဆိုင်တစ်ဆိုင်လုံးကို ဦးစီးပြီး ဖွင့်ထားတာကတော့ စကားပြောတဲ့ ကြောင်တွေပါပဲ။

ဒီကော်ဖီဆိုင်ကို မထင်မှတ်ဘဲ ရောက်လာကြတဲ့လူတွေကတော့ သူတို့ရဲ့ဘဝမှာ လမ်းပျောက်သလို ဖြစ်နေကြတဲ့လူတွေပါ။ ကံခေနေတဲ့ ဇာတ်ညွှန်းဆရာမတစ်ယောက်၊ အချစ်ကြောင့် နာကျင်နေရတဲ့ တီဗွီဒါရိုက်တာတစ်ယောက်၊ မျှော်လင့်ချက်ကြီးတဲ့ ဆံပင်ညှပ်ဆရာမတစ်ယောက်နဲ့ အစစအရာရာ လွဲချော်နေတတ်တဲ့ ဝက်ဘ်ဆိုက်ဒီဇိုင်နာတစ်ယောက်. . . ဒီလူတစ်ယောက်ချင်းစီအတွက် လပြည့်ညကော်ဖီဆိုင် ပေါ်ပေါက်လာရတဲ့ အထူးတလည် အကြောင်းရင်းက ဘာဖြစ်မလဲ။ ကော်ဖီဆိုင်က ကြောင်တွေကကော ဆန်းကြယ်တဲ့ နက္ခတ်ဗေဒင်ပညာကို အသုံးပြုပြီး ဒီလူတွေရဲ့ ကံကြမ္မာလမ်းကြောင်းကို တည့်မတ်ပြုပြင်ပေးနိုင်မှာလား။ အတိတ်က သူတို့ရဲ့ ပတ်သက်ဆက်နွယ်မှုတွေကကော ဘာတွေဖြစ်မလဲ။



mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်ပါ နက္ခတ်ဗေဒင်ပညာဆိုင်ရာ အကြောင်းအရာ အချက်အလက်များ၊ ဂျပန်အသံထွက် အခေါ်အဝေါ်များတွင် လွဲမှား ချွတ်ချော်မှုများ ပါရှိပါက ဘာသာပြန်သူ၏ အားနည်းချက်ကြောင့်ဟု မှတ်ယူကြပါစေကြောင်း တင်ကြိုတောင်းပန်အပ်ပါသည်။

စေရာထူး



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- နိဒါန်း ၇
- အခန်း – ၁ ကုံရာသီ ထရိုင်ဖယ်လ် ၁၁
- အခန်း – ၂ ငွေဝန်းသော်တာ ချောကလက်ကိတ်ပျော့ ၈၃
- အခန်း – ၃ နောက်ကြောင်းပြန် ပြန်လည်ဆုံစည်းခြင်း ၁၄၁
  အပိုင်း (တစ်) မာကျူရီ ခရင်မ်ဆိုဒါ ၁၄၃
  အပိုင်း (နှစ်) ငွေလရောင်နှင့် ဗီးနပ်စ် ရှန်ပိန် ကော့တေးလ် ၁၇၇
- နိဂုံး ၂၀၃
- – စာရေးသူအကြောင်း ၂၂၇


❑



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ဧပြီလအစောပိုင်း ဖြစ်ပါတယ်။ တိုက်ခန်းပြတင်းတံခါးတွေကို ကျွန်မ ခပ်ကျယ်ကျယ် ဖွင့်ထားလိုက်တယ်။ စန္ဒရားနဲ့တီးနေတဲ့ အယ်လ်ဂါ[၁]ရဲ့ Salut d'amour (ချစ်သဝဏ်လွှာ) တေးသွားနဲ့အတူ အေးစိမ့်စိမ့် နွေဦးလေပြည်က အခန်းထဲကို သုတ်ခနဲဝင်လာတယ်။

ဂီတတေးသွားက ဆင့်ခေါ် လိုက်တဲ့အလား အခန်းရဲ့ လသာဆောင် လက်ရန်းပေါ် ကို ပေါက်ချလာတာကတော့ ကြောင်တစ်ကောင်ပါ။ တိုက်ခန်းက လူတစ်ယောက်ယောက်ရဲ့ကြောင် ဖြစ်မှာပေါ့။ ကျွန်မတို့တိုက်မှာက တိလေးတွေကို မွေးခွင့်ပြုလိုက်ပြီလေ။ အညိုနဲ့ အနက်အကွက်တွေ လှလှပပစပ်ထားတဲ့ လိပ်ခွံရောင် သာမန်ကြောင်တစ်ကောင်ပါပဲ။ အန္တရာယ်ရှိတာ အသိသာကြီးဆိုပေမဲ့ သူကတော့ သိမ်မွေ့ညင်သာတဲ့ ယုံကြည်စိတ်ချမှုမျိုးနဲ့ လက်ရန်းတစ်လျှောက်မှာ လျှောက်လှမ်းလာပါတယ်။ သူ့ကို တကယ့်ကို သဘောတကျနဲ့ ငေးမောကြည့်နေမိတာ။ ပြာလွင်ကြည်စင်နေတဲ့ ကောင်းကင်ကြောင့်လား၊

---

၁။ Edward Elgar (အင်္ဂလိပ်လူမျိုး တေးပြုဆရာ)



mgyoe.com

mgyoe.com .
SAMPLE BOOK


ဟိုးအဝေးက ပန်းသွေးကြွနေတဲ့ ချယ်ရီပင်တွေကြောင့်လားတော့ မသိဘူး။ မြင်ကွင်းတစ်ခုလုံးက ပန်းချီကားတစ်ချပ်နဲ့ တူနေတယ်။

ဒီအချိန်အတောအတွင်းမှာ ကျွန်မ နေ့လယ်စာ ချက်နေတာပါ။ အင်း... ချက်ချင်ယောင်ဆောင်နေတယ်လို့ပဲ ပြောရမလား။ တကယ်က ခေါက်ဆွဲပြုတ်ပေါ်မှာ ပစ်တင်ဖို့ကြက်သွန်မြိတ်လေးပဲ လှီးနေတာ။ ပါးပါးလှီးထားတဲ့ ဥနီ၊ ပဲပင်ပေါက်နဲ့ ဟင်းနုနယ်ရွက်တွေကို နှမ်းဆီလေးနဲ့ကြော်ပြီး ထည့်တာတော့ ထည့်ဦးမှာပါ။ ဒါပေမဲ့ မြင်လိုက်တာနဲ့ စားချင်စဖွယ်ဖြစ်အောင် ဆွဲဆောင်နိုင်တဲ့ အပျံစားဟင်းပွဲမျိုးတော့ ဘယ်ဟုတ်မလဲ။ ကျွန်မ ခေါက်ဆွဲပြုတ်က ဘယ်ပန်းချီကားမျိုးနဲ့မှ တူမနေတာတော့ သေချာတယ်။

ကြောင်ဟာ လက်ရန်းပေါ်မှာ လမ်းတစ်ဝက်ရောက်လာတော့ နားလိုက်တယ်။ အောက်ဘက် စန္ဒရားဆီက ထွက်နေတဲ့ ဂီတသံကို သူလည်း နားလည်ခံစားနိုင်တဲ့ ပုံမျိုးနဲ့ မျက်လုံးတွေကို မှေးပြီး ဇိမ်တွေ့နေတယ်။ ရှည်လျားတဲ့အမြီးကတော့ နာရီချိန်သီးလိုပဲ အရှေ့အနောက် ယမ်းနေလေရဲ့။

ကျွန်မနေတာက စတူဒီယိုတိုက်ခန်း အသေးစားလေးဆိုတော့ လသာဆောင်ကနေ မီးဖိုခန်းကို ခြေလှမ်း နှစ်လှမ်း သုံးလှမ်းစာပဲ ဝေးပါတယ်။ ကြောင်က ကျွန်မကိုမြင်သွားပြီး ‘မြောင်’ လို့ တိုးသဲ့သဲ့ အသံပြုရင်း ဟိုဟိုသည်သည် လျှောက်ကြည့်နေတယ်။

“မင်္ဂလာပါ မြောင်မြောင်” လို့ စိတ်ထဲကနှုတ်ဆက်ရင်း ကိုယ့်ဘာသာကိုယ် ပြုံးမိပါရဲ့။ လက်ဆေးပြီးတော့ လသာဆောင်ကို ထွက်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်မ မှန်တံခါးကို တဂျောက်ဂျောက်မြည်အောင် လျှောဖွင့်လိုက်တဲ့အချိန်မှာ ကြောင်က ပျောက်ကွယ်သွားပါပြီ။

ကျွန်မ ဘေးဘီကို တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ကြောင်ကို ဘယ်မှာမှ မတွေ့ရတော့ပါဘူး။ ကျွန်မနေတာက တတိယထပ်မှာပါ။ ချော်များကျသွားလေသလားလို့ စိတ်ပူပြီး လက်ရန်းအစပ်ကနေ စစ်ဆေးကြည့်လိုက်သေးတယ်။ ဒါပေမဲ့ အောက်မှာလည်း အရိပ်အယောင်တောင် မမြင်ရပါဘူး။ ကြောင်ဆိုတာမျိုးက အဲဒီလို ပြုတ်ကျ


mgyoe.com

mgyoe.com
SAMPLE BOOK


စရာအကြောင်းမှ မရှိတာလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ရတယ်။ စိတ်အေးသွားတော့ ကျွန်မ လက်ရန်းကို မှီရပ်လိုက်တယ်။ Salut d'amour တေးသွားက အဆုံးသတ်သွားပြီး ရှိုပင်[၁]ရဲ့ Étudre No.3 ကို စန္ဒရားက စလိုက်တယ်။ ဒီတေးသွားကို 'နောက်ဆုံး နှုတ်ဆက်ခြင်း' ဆိုတဲ့အမည်နဲ့လည်း လူသိများပါတယ်။

ခေါင်းကို မသိမသာငိုက်ပြီး သက်ပြင်းချလိုက်မိတယ်။ နှုတ်ဆက်ခွဲခွာခြင်းတွေအကြောင်းကို ကျွန်မ မစဉ်းစားချင်ဘူး။ လမ်းခွဲခြင်းဟာ ဘယ်တော့မှ မလွယ်ကူဘူးဆိုတာကို ကျွန်မ သိတယ်။ နောက်ဆုံးမှာ 'တစ်ယောက်သောသူ' ကို ရှာတွေ့ခဲ့ပြီလို့ ထင်ခဲ့တဲ့ အသက် ၄၀ အရွယ် မိန်းမတစ်ယောက်အတွက်ဆိုရင် ပိုပြီးတော့တောင် ခက်ခဲနေပါသေးတယ်။ အတူရှိခဲ့တဲ့အချိန်တွေက ရှည်ကြာလွန်းတော့ တစ်သက်လုံး အတူတူဆက်ရှိနေလိမ့်မယ်လို့ ကျွန်မ ထင်ခဲ့မိတာပေါ့လေ။

ဒါပေမဲ့ ဘာကိုမှ ပိုသေကားကျ မှတ်ယူလို့ မရဘူးဆိုတာကို ကျွန်မ နားလည်လိုက်ရတယ်။ ကြောင်တွေတောင်မှ တစ်ခါတလေ ခြေချော်လက်ချော် ဖြစ်တတ်ကြတာပဲလေ။ အဲဒီလိုဆိုမှ စိတ်ပူလာပြီး မြေပြင်ကို နောက်တစ်ခေါက် ငုံ့ကြည့်မိတယ်။ ကြောင်နဲ့တူတဲ့ အစအန တစ်ခုတောင် မတွေ့ရပါဘူး။ ဘယ်ကိုသွားလိုက်တာပဲဖြစ်ဖြစ် ဘေးမသီ ရန်မခ ရှိနေပုံရပါတယ်။

"အပြစ်တင်စရာရှိရင် ငါ့အပြစ်ပေါ့လေ။

ဘယ်နေရာမှာ ငါ ဒီလောက် မှားယွင်းသွားခဲ့တာလဲ"

အောက်ဘက်ကနေ ရှင်လန်းတက်ကြွတဲ့ အသံတွေကို ကြားရလို့ နောက်တစ်ခါ ငုံ့ကြည့်လိုက်တော့ ကလေးတစ်အုပ် လမ်းပေါ်မှာ လျှောက်လာကြတာ။ မူလတန်းကျောင်းသားအရွယ် ကလေးတွေပါ။ အခုက သူတို့ရဲ့ နွေဦးကျောင်းပိတ်ရက်အချိန် ဖြစ်မှာပေါ့။ အတိတ်က အချိန်တွေကိုတောင် ပြန်ပြောင်းသတိရမိပါရဲ့။ ကျွန်မ တပည့်လေးတွေကော ဘယ်လိုများ နေကြရှာတယ် မသိဘူး။ "စာသင်တဲ့အလုပ်ကနေ မထွက်ဖြစ်ခဲ့ရင်လည်း အကောင်းသား" လို့ တွေးလိုက်မိတယ်။

---

၁။ Frédéric Chopin (ပိုလန်လူမျိုး တေးပြုဆရာ)



mgyoe.com

mgyoe.com
SAMPLE BOOK


ဒါပေမဲ့ လက်ရှိအခြေအနေမှာ ကျွန်မသာ ဆရာတစ်ယောက် ဖြစ်နေသေးရင် ညစ်ကျယ်ကျယ်နိုင်တဲ့ဟာလေးတွေက သေချာပေါက် ကျွန်မဆီကို အပြေးလာပြီး "ဆရာမ၊ ဆရာမက ဘာလို့ လက်မထပ် သေးတာလဲ" ဆိုတဲ့ အညာအတာမဲ့ မေးခွန်းကို မေးလာလောက်ပါ တယ်။ အဲဒီလိုသာဆိုရင် ကျွန်မလည်း တစ်တန်းလုံးရှေ့မှာ ငိုချမိ လောက်တယ်။

ဟုတ်ပါတယ်လေ၊ ကျွန်မ အဲဒီအလုပ်ကို လက်လျှော့လိုက်မိတာ ဝမ်းသာပါတယ်။ ကိုယ့်အတွေးကိုကိုယ် ယုံကြည်လက်ခံလာအောင် လုပ်တဲ့အလား ခေါင်းကို အလေးအနက်ညိတ်ရင်း မှန်တံခါးကို ပြန်ဆွဲ ပိတ်ပြီး အထဲကို ပြန်ဝင်လာလိုက်ပါတယ်။

စန္ဒရားတီးသံဟာလည်း ကျွန်မ မသိလိုက်ခင်မှာပဲ အဆုံးသတ် သွားခဲ့ပါပြီ။

❑


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ၁
# ကုံရာသီ ထရိုင်ဖယ်လ်



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK

# မိဇုကို ဆယ်ရီကာဝ



[ ၁ ]

စားလို့ကောင်းလိုက်တာ။

ကိုယ့်ဘာသာကိုယ်တောင် အံ့ဒီလိုပြောမိတယ်။ ကြက်သွန်မြိတ်နဲ့ အရွက်ကြော်လေး အုပ်ထားတဲ့ အသင့်စားခေါက်ဆွဲပြုတ်က အကောင်းဆုံး ထမင်းတစ်နပ်တော့ ဟုတ်ချင်မှဟုတ်မယ်။ ဒါပေမဲ့ ဘယ်အချိန်စားစား ထိမိအရသာရှိနေတာမျိုး။

ပန်းကန်လုံးအလွတ်ကို မီးဖိုခန်းဆီယူလာ၊ ခပ်သွက်သွက်ဆေးပြီး ရေစစ်တဲ့ ဘုတ်ပြားပေါ်မှာ တင်ထားလိုက်တယ်။ ပြီးတော့ အဝတ်တစ်ခု ယူပြီး ထမင်းစားပွဲကို ပြောင်စင်အောင် သုတ်လိုက်တယ်။ စားပွဲက လူတစ်ယောက် ထိုင်စားလောက်ရုံ အရွယ်အစားပဲ ရှိတာပါ။ ကျွန်မရဲ့ တိုက်ခန်း ကျဉ်းလေးထဲမှာတော့ ထမင်းစားလည်း ဒီစားပွဲ၊ အလုပ်လုပ်လည်း ဒီစားပွဲ



mgyoe.com

mgyoe.com
SAMPLE BOOK


ပါပဲ။

ကော်ဖီတစ်ခွက်ငှဲ့၊ လက်ပ်တော့ကို စားပွဲပေါ် နေရာပြန်ချပြီး ထိုင်လိုက်တယ်။ ပြီးတော့ မတ်ခွက်ထဲက ကော်ဖီကို တစ်ကျိုက်ငုံလိုက်ရင်း ကျွန်မအကိုးအကားပြုဖို့ ရှာထားတဲ့ အချက်အလက်တွေကို လျှောက်ကြည့်နေလိုက်ပါတယ်။ ကျွန်မ character sheet[၁] တစ်ခုကို ကြည့်နေတာပါ။ စာမျက်နှာတွေမှာ ချောမောလှပတဲ့ ယောက်ျားပျိုတစ်ယောက်ရဲ့ သရုပ်ဖော်ပုံတွေနဲ့ အပြည့်ပါပဲ။

"ဒီလူ့ဇာတ်လမ်းကကော ဘာဖြစ်မလဲ"

သူက ချမ်းသာကြွယ်ဝပြီး ဂုဏ်သရေရှိတဲ့ မိသားစုက သားတစ်ယောက် ဖြစ်ရမှာ။ ဒါပေမဲ့ သူ့ဆံပင်က နီပြာဝါ ကြောင်ကျားနဲ့။ ပြီးတော့ ကျွန်မအမြင်မှာ သိပ်ပြီးဂုဏ်သရေရှိတဲ့ပုံလည်း ပေါက်မနေဘူး။ ဒါပေမဲ့လည်း ကျွန်မပြောနေတာက ဗီဒီယိုဂိမ်းတစ်ခုအကြောင်းဆိုတော့ လူတွေက အသေးစိတ်အကြောင်းအရာတွေကို သိပ်ဂရုစိုက်ကြမှာမှ မဟုတ်တာ။

ကျွန်မက စားဝတ်နေရေးအတွက် ဇာတ်ညွှန်းလေးတွေ ရေးပါတယ်။ လောလောဆယ်တော့ mobile dating game[၂] တစ်ခုအတွက် ဇာတ်ညွှန်းရေးနေတာပါ။ အဓိကဇာတ်ညွှန်းရယ်တော့ မဟုတ်ဘူး။ အဲဒါကိုက တခြားတစ်ယောက် လုပ်နေပါတယ်။ ကျွန်မအလုပ်က ဂိမ်းမှာ သူတို့စီစဉ်ထားသလို သူရဲကောင်းရဲ့ နှလုံးသားကို အပိုင်သိမ်းနိုင်တဲ့ 'ပျော်စရာဇာတ်သိမ်း' ဖြစ်မလာဘဲ ကစားသမားက ဇာတ်ပို့ဇာတ်ကောင်နဲ့ တွဲမိသွားတဲ့အချိန်မျိုးအတွက် ဇာတ်ညွှန်းကို ရေးရတာဖြစ်ပါတယ်။ ကစားနေရာင်းနဲ့ လမ်းခုလတ်မှာပဲ အဆုံးသတ်သွားတဲ့ပုံစံမျိုး ဖြစ်တာမို့လို့ ဇာတ်ညွှန်းကလည်း ထွေထွေထူးထူး သိပ်မရှိဘဲ သာမန်လောက်ပါပဲ။ ရည်ရွယ်ချက်က ကစားသမားဟာ ရလဒ်ကို မကျေနပ်သလိုလို မရေမရာ ခံစားရမယ်ဆိုပေမဲ့ ဂိမ်းကိုတော့

---

၁။ အသွင်ယူကစားသည့် ဂိမ်းများတွင် ဇာတ်ကောင်တစ်ကောင်အကြောင်းကို ကစားသမားသိဖို့ လိုအပ်သမျှ အသေးစိတ်ဖော်ပြပေးသည့် မှတ်တမ်းတစ်ခု။

၂။ အချစ်ရေးကိစ္စများကို ဂိမ်းဇာတ်ကောင်များဖြင့် ဇာတ်လမ်းတစ်ပုဒ်သဖွယ် ပါဝင်ကစားရသော မိုဘိုင်းဂိမ်းတစ်မျိုး။


mgyoe.com

mgyoe.com
SAMPLE BOOK


ဆက်ပြီး ကစားဖြစ်နေအောင်လို့ ဖြစ်ပါတယ်။

ပြီးတော့ ဇာတ်ညွှန်းဟာ သိပ်မရှည်လှပါဘူး။ ၃၀ ကီလိုဘိုက်[၁] စာအပိုင်းတစ်ခုပါ။ သူတို့အလုပ်ကို စာမျက်နှာတွေ၊ စကားလုံးတွေနဲ့ မတွက်ဘဲ ကီလိုဘိုက်နဲ့ပဲတွက်တာက ဗီဒီယိုဂိမ်းရေးတဲ့သူတွေပဲ ရှိမယ်ထင်ပါတယ်။ ကျွန်မအတွက် ပေးထားတဲ့ ညွှန်ကြားချက်ကို ဖတ်ကြည့်လိုက်တယ်။

"သူက သူမကို ပါးပြင်၊ သို့မဟုတ် နဖူးကို နမ်းလိုက်တဲ့အခန်းမှာ အဆုံးသတ်ပါ။ တည်နေရာဟာ ရေနဲ့ အနီးတစ်ဝိုက်နေရာမှာ ဖြစ်သင့်ပါတယ်"

ဒါပေါ့။ နှုတ်ခမ်းကို နမ်းတာမပါဘူး။ ရေအတွက်ကတော့... အမျိုးသားဇာတ်ကောင်က အိမ်တွင်းအောင်းတတ်တဲ့ ပုံစံမျိုးဆိုတော့ ပင်လယ်ဘေးတို့၊ မြစ်ဘေးတို့ကျတော့လည်း သိပ်မဟုတ်သလိုပဲ။ ဟိုတယ်ရေကူးကန်ဆိုရင်တော့ အလုပ်ဖြစ်လိမ့်မယ်။

ကျွန်မ စာမျက်နှာတွေကို လှန်လှောကြည့်ပြီးတော့မှ Notepad[၂] ကို ဖွင့်လိုက်တယ်။ Notepad ထဲမှာရေးထားတဲ့ အရေးအသားက အတော်ကို ရှုပ်ရှုပ်ထွေးထွေးနိုင်တာမို့လို့ တခြားလူတစ်ယောက်ဆိုရင် အဲဒါကို အဓိပ္ပာယ်ဖော်ဖို့ မနည်းကြိုးစားယူရမယ်။ ဇာတ်ကောင်အတွက် ကျွန်မ အကြမ်းရေးထားတဲ့ ဇာတ်ကြောင်း (plot) လို့ပဲ ဆိုပါတော့။

အရံဇာတ်ကောင်ကို ရေးတဲ့အခါမှာ ရည်ရွယ်ချက်က ကစားသမားကို နည်းနည်းလောက် မချင့်မရဲဖြစ်အောင်လုပ်ပြီး 'ဒီလိုဖြစ်သွားတာကို ငါ သိပ်သဘောမကျဘူး။ ပျော်စရာဇာတ်သိမ်းခန်းကို လိုချင်တယ်ဆိုရင် သူရဲကောင်းနဲ့ တွဲခွင့်ရအောင် ကြိုးစားရမယ်ထင်တယ်' လို့ သူတို့ဘာသာ သူတို့ တွေးလာအောင် လမ်းကြောင်းပေးဖို့ပါ။

သဘောကတော့ ဇာတ်ညွှန်းထဲမှာ ကျရှုံးတဲ့ရက်စွဲတွေ များများပါမယ်။ ပြီးတော့ ချစ်ခန်း၊ ကြိုက်ခန်းတွေက သိပ်အသက်ဝင်နေလို့ မဖြစ်ပါဘူး။ သူ့နည်းသူ့ဟန်နဲ့တော့ အတော်ကလေး ခဲကတ်တဲ့အလုပ် ဖြစ်ပါတယ်။

---

၁။ Kilobyte - 1024 byte နှင့်ညီမျှသော ဒေတာ၊ သို့မဟုတ် မမ်မိုရီယူနစ်။

၂။ စာရေးသားရန် ရည်ရွယ်ထုတ်လုပ်သော အိတ်ဆောင်ကွန်ပျူတာတစ်မျိုး။


mgyoe.com

mgyoe.com
SAMPLE BOOK


ရေးထားတဲ့မှတ်စုတွေကို ပြန်စစ်ကြည့်ပြီးတော့ ကျွန်မ စာစရေးပါတယ်။ မကြာခင်မှာပဲ ကွန်ပျူတာကီးဘုတ်ပေါ် မှာ ကျွန်မ လက်ချောင်းလေးတွေရဲ့ တဖြောက်ဖြောက်ရိုက်နေတဲ့အသံဟာ ကျွန်မဖွင့်ထားတဲ့ သီချင်းသံနဲ့အတူ စည်းချက်ညီညီ လိုက်ပါနေပါတော့တယ်။

ကျွန်မ ရေးရတဲ့ ဂိမ်းဇာတ်ညွှန်းအများစုဟာ သမားရိုးကျ ဆန်လှပါတယ်။ အဲဒီလိုဇာတ်လမ်းမျိုးတွေကို ကျွန်မ ကောင်းကောင်းရေးနိုင်တယ်လေ။ ဒါကြောင့် ဒီအလုပ်ကို ကျွန်မ သဘောကျတယ်။ သူ့ရဲကောင်းအတွက် အချစ်ခန်းတွေ ရေးပေးရရင်တော့ ပိုကောင်းတာပေါ့လေ။

ဒါပေမဲ့လည်း အရင်တုန်းက အများကြီး ပိုအရေးပါတဲ့အရာတွေကို လုပ်ခဲ့ဖူးတာက အမှန်ဆိုရင်တောင် ဒီအခြေအနေမှာ ဒီ့ထက်ပိုပြီးတော့ ကျွန်မ မျှော်လင့်လို့မရပါဘူး။ ခေါင်းကိုရှင်းဖို့ ကြိုးစားပြီး စာပြန်ရေးနေလိုက်တယ်။

၃၀ ကီလိုဘိုက်ဆိုတာက ပါဝင်တဲ့ စာအနည်းအများအပေါ် မှာ မူတည်ပြီးတော့ စာမျက်နှာရဲ့ အလျားအရှည်တွေကလည်း အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ သာမန်အားဖြင့်တော့ ဝတ္ထုတိုတစ်ပုဒ်စာလောက် အရှည်ရှိတာပါ။ စာရေးတာ သုံးပုံတစ်ပုံလောက်ကျတော့ ကုလားထိုင်မှာ ကိုယ်ကိုမတ်ပြီး ကျောကို ဆန့်လိုက်ပါတယ်။ နာရီက မွန်းလွဲ ၃ နာရီကို ပြနေတယ်။

"ငါ အလုပ်လုပ်တာ နှစ်နာရီပဲ ရှိသေးတာလား"

ဒါဆို ဒီရက်တွေမှာ ကျွန်မ အကြာဆုံး အာရုံစိုက်နိုင်တာ နှစ်နာရီစာပဲပေါ့။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုက မိဇုကိသာဆိုရင် ဒီနှစ်နာရီစာက အလုပ်စတယ်ဆိုရုံလောက်ပဲ ရှိဦးမှာ။ အဲဒီအချိန်မှာပဲ စားပွဲပေါ် က ကျွန်မရဲ့ ဖုန်းဟာ တုန်သွားတယ်။

"မိဇုကိရေ. . . မတွေ့တာကြာပြီနော်။ အာခရိ နာခယမ ပြောနေတာပါ။ ကပ်ပြီးပြောရလို့ စိတ်မရှိပါနဲ့။ ကျွန်မ အလုပ်ကိစ္စနဲ့ ဆိုင်ဘက်ကို ရောက်နေတာ။ တကယ်တော့ ကျွန်မ အခု ကျိုတိုမှာ ရှိနေတယ်။ ရှင်များတွေ့ဖို့ အချိန်ရှိမလားလို့ပါ"

စာပို့တဲ့သူရဲ့ အမည်ကို မြင်ရရုံနဲ့တင် ကျွန်မနှလုံးသားဟာ ခုန်ပေါက်


mgyoe.com

mgyoe.com
SAMPLE BOOK


လှုပ်ရှားလာပါတယ်။ အာခရိက ဟိုအရင် ကျွန်မ ဇာတ်ညွှန်းတွေ ရေးပေးခဲ့ရတဲ့ ရုပ်မြင်သံကြားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တာပါ။ အခုတော့ ဒါရိုက်တာတစ်ယောက် ဖြစ်နေပါပြီ။ လွန်ခဲ့တဲ့တစ်လလောက်က ကျွန်မမှာရှိသမျှ သတ္တိကိုမွေးပြီး သူ့ဆီကို ဇာတ်လမ်းနမူနာတစ်ပုဒ် ပို့လိုက်တယ်လေ။ ကြည့်ရသလောက်ကတော့ တခြားအလုပ်ကိစ္စနဲ့ ကျိုတိုမှာ ရောက်နေပုံပါပဲ။ ဒါပေမဲ့ ကျွန်မဆီကို ဆက်သွယ်လာတယ်ဆိုကတည်းက သူ့အနေနဲ့ အဲဒီအကြောင်းကို စကားပြောကြည့်ချင်တယ်ဆိုတဲ့သဘော သက်ရောက်နေပါတယ်။

ကျွန်မ စာပြန်လိုက်တယ်။ "ရတာပေါ့၊ တွေ့ချင်ပါတယ်ရှင်" လို့။

သူ့ဆီက ပြန်စာလည်း မကြာလိုက်ဘဲ ရောက်လာတယ်။

"ဒါဆိုရင် ကျွန်မတို့ အစည်းအဝေးတွေ လုပ်လေ့ရှိတဲ့ အဲဒီဟိုတယ် လော်ဘီမှာ တွေ့ရင်ကော ဘယ့်နှယ်လဲ။ ရှင် တစ်နာရီအတွင်း အရောက်လာနိုင်မလား"

"ကိစ္စမရှိဘူး၊ လာခဲ့မယ်လေ" လို့ ကျွန်မ အကြောင်းပြန်လိုက်တယ်။

ကွန်ပျူတာကို ချက်ချင်းပိတ်လိုက်ပြီး ဗီရိုအဖြစ်သုံးနေတဲ့ စတိုခန်းသေးသေးလေးရဲ့ တံခါးကို ဖွင့်လိုက်တယ်။ ဘာဝတ်လို့ ဝတ်ရမယ်မှန်းမသိဘဲ အဆုံးမှာတော့ စိတ်ချရတဲ့ ရုံးဝတ်စုံတစ်စုံကိုပဲ ရွေးဖြစ်သွားပါတယ်။

ဘေစင်ရှေ့မှာ ကျွန်မ ရပ်လိုက်တယ်။ ကျွန်မအခန်းမှာ မှန်တင်ခုံတစ်ခု ထည့်ထားဖို့အတွက် နေရာမရှိပါဘူး။ ဒါကြောင့် ကျွန်မရဲ့ မိတ်ကပ်သေတ္တာလေးခမျာ ဘေစင်အနားမှာပဲ နေရာယူရရှာတယ်။ အောက်ခံမိတ်ကပ်ခရင်မ်ကိုယူပြီး အရေပြားပေါ် ကို တို့လိုက်တယ်။

"အာ. . . ဘာဖြစ်လို့များ ထူးဆန်းတဲ့ပုံကြီး ပေါက်နေတာပါလိမ့်"

ခုနောက်ပိုင်း အိမ်နားက စူပါမားကက်ကလွဲရင် ကျွန်မ အပြင်တွေဘာတွေ သိပ်မထွက်ဖြစ်ဘူး။ စူပါမားကက် သွားဖို့အတွက်နဲ့တော့ မိတ်ကပ်လည်း မလိမ်းဖြစ်ဘူးလေ။ မျက်နှာပေါင်းတင်ကပ်ခွာကိုတော့ သုံးဖြစ်တယ်။ ရုတ်တရက် အလှကုန်ပစ္စည်းလောကနဲ့ ပြန်လည်ဆုံစည်းမှုကြောင့် အထိတ်တလန့်ဖြစ်သွားတဲ့ ကျွန်မရဲ့ အရေပြားဟာ ဘာကိုမှ လက်သင့်မခံဖို့ ဆုံး


mgyoe.com

mgyoe.com
SAMPLE BOOK


ဖြတ်လိုက်တဲ့ပုံပါပဲ။ အရင်တုန်းကတော့ ဒီလိုကိစ္စမျိုးမှာ ကျွန်မ အများကြီး အားထုတ်ခဲ့တာပေါ့။ တကယ်ပါ။ အရင်က ကျွန်မသာ အခုလက်ရှိ ကျွန်မကို မြင်နိုင်မယ်ဆိုရင် ကြည့်ပြီးတော့ ပြက်ရယ်ပြုလောက်ပါတယ်။

လျှောက်ပြောနေလို့လည်း အပိုပါပဲ။ မိတ်ကပ်လိမ်းစရာရှိတာ ဆက်လိမ်း၊ မျက်ခုံးမွေးဆွဲ၊ နှုတ်ခမ်းနီဆိုး၊ ကာဒီဂန်အင်္ကျီလေးခြုံပြီး ကျွန်မရဲ့ အိတ်ကိုလှမ်းယူကာ အပြင်ကို ထွက်လာခဲ့တယ်။ ကျွန်မဟာ တိုက်ခန်း အဆောက်အအုံကနေ ထွက်ပြီး ဘူတာရုံရှိရာကို လှမ်းလာလိုက်ပါတယ်။ သတ်မှတ်ချက်အရဆိုရင်တော့ ကျွန်မနေတဲ့နေရာက ကျိုတိုမြို့ပါပဲ။ ဒါပေမဲ့ တိုက်ခန်း အနီးတစ်ဝိုက်မြင်ကွင်းကတော့ ကျိုတိုမြို့နေ လူများစု မြင်တွေ့ရလေ့ရှိတဲ့ သာယာလှပတဲ့ ရှေးခေတ်ဟောင်းပုံရိပ်နဲ့ တခြားစီပါပဲ။ ရှင်တို့ ပတ်ဝန်းကျင်က သာမန်လူနေတိုက်ခန်းတွေနဲ့ ဘာမှမကွာခြားပါဘူး။

ရထားပေါ် ရောက်လို့ နေရာတကျထိုင်ပြီးတော့မှပဲ စိတ်သက်သာရာ ရတဲ့အနေနဲ့ သက်ပြင်းချလိုက်တယ်။

အာခရိဆီက စာတစ်စောင် ထပ်ရောက်လာတယ်။ "လော်ဘီမှာ လူများနေလို့ မြေညီထပ်က ကော်ဖီဆိုင်ကို သွားလိုက်တယ်။ လုပ်စရာရှိတာလေးတွေ လက်စသတ်နေတာ။ ဖြည်းဖြည်းပဲလာနော်" တဲ့။

ဟိုတယ်က ကော်ဖီဆိုင်ထဲမှာ လက်ပ်တော့ကိုဖွင့်ပြီး အလုပ်လုပ်နေမယ့် သူ့ပုံကို ကျွန်မ မြင်ယောင်ကြည့်လို့ရပါတယ်။ ရုပ်သံလောကထဲက လူအများစုလိုပဲ သူလည်း ရောက်တဲ့နေရာမှာ အလုပ်လုပ်နိုင်ပါတယ်။ ကျွန်မလည်း အရင်တုန်းက အဲဒီလိုပါပဲ။ ကော်ဖီဆိုင်တွေမှာ၊ ဟိုနေရာ သည်နေရာတွေမှာ ခပ်သော့သော့လေး ရေးရင်း၊ ခြစ်ရင်းနဲ့ပေါ့။ ဒါပေမဲ့ အခုတစ်လောမှာတော့ အပြင်ထွက်စရာအကြောင်းမရှိရင် ကျွန်မ အိမ်မှာပဲ နေဖြစ်ပါတယ်။ ကော်ဖီတစ်ခွက်အတွက် ဘာကြောင့် ပိုက်ဆံအကုန်ခံနေဦးမှာလဲ။ အစားအသောက်နဲ့ ပတ်သက်လာရင်လည်း ဒီလိုပါပဲ။ ကျွန်မက အများအားဖြင့် အသင့်စား စားစရာတွေကိုပဲ စားဖြစ်ပါတယ်။ တစ်ခါတလေ ကျန်းမာရေးနဲ့ ညီညွတ်လေမလားဆိုပြီး ယောင်ဝါးဝါးအကြံအစည်နဲ့ ဟင်းသီးဟင်းရွက်တွေ ထည့်စားတာတော့ ရှိတာပေါ့လေ။ အဲဒါကြောင့်


mgyoe.com

mgyoe.com
SAMPLE BOOK


လည်း ကျွန်မအသားအရေက ဒီလောက် အခြေအနေဆိုးနေတာ ဖြစ်မယ်။

ဖုန်းကိုင့်ကြည့်ပြီး ကျွန်မရဲ့ နောက်ဆုံးရုပ်သံဇာတ်လမ်းအတွက် ပရိသတ်အားပေးမှု အဆင့်သတ်မှတ်ချက်နဲ့ ဝေဖန်သုံးသပ်ချက်တွေကို စစ်ကြည့်လိုက်တယ်။ ရင်ထဲမှာ ခပ်စူးစူးကလေး ခံစားလိုက်ရပြီး ဖုန်းကနေ မြန်မြန် အကြည့်လွှဲလိုက်တယ်။

ရထားပေါ်မှာ ကလေးတချို့လည်း ပါလာတယ်။ ကျောင်းကနေ အိမ်ကို အပြန်လမ်းဖြစ်မယ်။ နှစ်တန်း၊ သုံးတန်း အရွယ်ကလေးတွေ။ ရိုးရိုး ကျောင်း ကျောပိုးအိတ်တွေအစား ခေတ်ဆန်ဆန် သားရေအိတ် အညိုလေးတွေကို လွယ်ထားကြတယ်။ ပုဂ္ဂလိကကျောင်း တက်ကြတာထင်ပါရဲ့။ ကျောင်းကို သူတို့ဘာသာသူတို့ ရထားစီးသွားကြတာ။ 'သူတို့အတွက် အလေ့အကျင့်ကောင်းပဲ' လို့ တွေးမိတယ်။

"ဒီမှာရှင်" ကျွန်မဘေးကနေ ခပ်တိုးတိုး ထွက်လာတဲ့ အသံပါ။ "ဟိုလေ... မစွဆယ်ရီကဝလားရှင်"

ရုတ်တရက်ကြီးဆိုတော့ နည်းနည်းတော့ ထိတ်ခနဲ ဖြစ်သွားပါတယ်။ ကျွန်မဘေးမှာထိုင်နေတဲ့ အမျိုးသမီးကို စိတ်ရှုပ်ထွေးသွားတဲ့ အကြည့်မျိုးနဲ့ ကြည့်လိုက်မိတယ်။ ရုပ်ရည်ကို ကြည့်ရသလောက် အသက် ၂၀ ကျော် အစိတ်ပိုင်းလောက်ရှိပုံ ပေါ်ပါတယ်။ အေးဆေးတည်ငြိမ်တဲ့ပုံစံလေးမို့လို့ မှန်းထားတဲ့အသက်ထက် နည်းနည်းလောက်တော့ ပိုကြီးမယ်လို့ ထင်မိတယ်။

အပေါ်ယံ ဖျတ်ခနဲ ကြည့်လိုက်ရုံနဲ့တင် ဝတ်စားပြင်ဆင်တတ်တဲ့ ပုံစံမျိုးဆိုတာကို ကျွန်မ အကဲခတ်နိုင်ပါတယ်။ တိုတိုတိတိညှပ်ထားပေမဲ့ ဂရုတစိုက် အလှဆင်ထားတဲ့ လက်သည်းတွေနဲ့ အရောင်ဖျော့ဖျော့ဆိုးထားတဲ့ ဆံပင်ပုံစံတို့က အလှအပရေးရာနယ်ပယ်မှာ အလုပ်လုပ်တဲ့သူလေလားလို့ တွေးမိစေပါတယ်။ ကျွန်မရဲ့ စတိုင်လစ်များ လုပ်ခဲ့ဖူးတာလား။

"တောင်းပန်ပါတယ်နော်၊ လန့်သွားလားမသိဘူး၊ ကျွန်မက မူလတန်းတုန်းက ဆရာမရဲ့တပည့်ပါ"

သြော်... ကျွန်မပခုံးဆီက တောင့်တင်းမှုတွေ ပြေလျော့သွားပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


တပည့်ဟောင်းတစ်ယောက်ကိုး။ ဟုတ်မှာပေါ့။

"ဆရာမက တကယ့်ဆရာကောင်းတစ်ယောက်ပါ"

ကျွန်မက ရှက်တက်တက်နဲ့ ပခုံးကို တွန့်လိုက်တယ်။

အဲဒီအချိန်တုန်းက ကျွန်မဟာ အစားထိုးဆရာမတစ်ယောက်ထက် မပိုခဲ့ပါဘူး။ အတန်းပိုင်ဆရာမတစ်ယောက်ယောက် ခွင့်ယူသွားတဲ့အချိန် ကျမှသာ တပည့်တွေနဲ့ အမှန်တကယ် ထိတွေ့ခွင့်ရတာပါ။ ဒီအမျိုးသမီးက ကျွန်မကို ဆရာကောင်းတစ်ယောက်အနေနဲ့ တွေ့တယ်ဆိုတော့ ဝမ်းမြောက် စရာပါပဲ။ ဒါပေမဲ့ ဒီလိုချီးမွမ်းမှုမျိုးကို ခံရဖို့ လုံလောက်တဲ့ အကြောင်းရင်းလို့ ဆိုရမယ့် ကျွန်မတို့ နှစ်ယောက်အတူ ဖြတ်သန်းခဲ့ဖူးတဲ့ အချိန်အတိုင်းအတာ တစ်ခု ရှိခဲ့ရဲ့လားဆိုတာကို ကျွန်မ မမှတ်မိတော့ပါဘူး။

"ဆရာမက ကျွန်မတို့ ကျောင်းဆင်းချိန် အိမ်အပြန်လမ်းမှာ အမြဲ အဖော်လိုက်ပေးတယ်လေ" ကျွန်မ ဇဝေဇဝါဖြစ်နေတာကို သတိပြုမိတဲ့ပုံနဲ့ သူက ဖြည့်ပြောလိုက်တယ်။

ကျွန်မ ကလေးတွေကို အိမ်အပြန်မှာ လမ်းလျှောက်ပြီးတော့ လိုက်ပို့ ပေးလေ့ရှိတယ်ဆိုတာက အမှန်ပါပဲ။ သူတို့ရဲ့ အတန်းပိုင်ဆရာမက အတန်း တွေအတွက် ပြင်ဆင်ရင်း အမြဲအလုပ်ရှုပ်နေတာဆိုတော့ ဒီတာဝန်က အစား ထိုး ဆရာမဆီ အလိုလို ရောက်လာတော့တာပါ။ အမြဲတမ်း ရိုးရှင်းလွယ်ကူ နေတာတော့ မဟုတ်ဘူးပေါ့။ ကလေးငယ်လေးတွေဆိုတာက အစိုးရတာ မဟုတ်ဘူး။ မျက်စိဒေါက်ထောက်ပြီး ကြည့်ထားနိုင်မှဖြစ်မှာ။ တစ်ခါတလေ သူတို့ကို တန်းစီခိုင်းပြီး လမ်းဖြောင့်ဖြောင့်လျှောက်ဖို့ ပြောရတာကိုက အခက် တွေ့စရာ ဖြစ်နေတတ်ပါတယ်။ လမ်းလျှောက်ရင်းနဲ့ သူတို့ ငြီးငွေ့မသွား ရအောင်လို့ စကားလုံး ချိတ်ဆက်ကစားနည်း (ဥပမာ– ကျွန်မက 'မိုး' ဆိုတဲ့ စကားလုံးကို စပေးရင် နောက်ကလေးတစ်ယောက်က 'ထိီး'၊ နောက် တစ်ယောက်က 'ကမ်းခြေ'၊ နောက်တစ်ယောက်က 'သဲပြင်' စသဖြင့် ဆက်စပ် တဲ့ စကားလုံးတွေ ဆက်ပြောသွားရတာပါ) တစ်ခုကို စပေးတာတို့၊ သူတို့ကို စကားတွေ ပြောပေးတာတို့လိုမျိုး နည်းလမ်းပေါင်းစုံကို လုပ်ကြည့်ခဲ့ရပါ တယ်။


mgyoe.com

mgyoe.com


"အရင်တုန်းကအကြောင်းတွေကိုတောင် သတိရလာပြီ" ဖျတ်ခနဲ အတိတ်ကို လွမ်းတခြင်းနဲ့အတူ သူ့ကို ပြုံးကြည့်ရင်း ပြောလိုက်မိတယ်။

ကျွန်မတို့ စကားတွေ ဆက်ပြောလာကြတယ်။ ကျွန်မထင်တာ မှန်တယ်လေ။ ကျွန်မရဲ့ တပည့်ဟောင်းလေးက ဆံသဆရာမ လုပ်နေတာတဲ့။ သူဆင်းရမယ့် ဘူတာကိုရောက်တော့ ကျွန်မကို လန့်သွားအောင် လုပ်မိတဲ့အတွက် နောက်တစ်ခေါက် ထပ်တောင်းပန်တယ်။ ပြီးတော့ ဦးညွှတ်နှုတ်ဆက်ပြီး ရထားပေါ်က ဆင်းသွားပါတယ်။

'သူ့နာမည်လေး မေးလိုက်ရရင် အကောင်းသား' ကိုယ့်ဘာသာကိုယ်တွေးရင်း ထွက်သွားတဲ့သူ့ကို ပြန်ပြီး ဦးညွှတ်နှုတ်ဆက်လိုက်တယ်။ ထိုင်ခုံမှာ ပြန်ပြီး နေရာတကျထိုင်မိတော့ နွေးထွေးတဲ့ ခံစားချက်တစ်ခုက ကျွန်မခန္ဓာကိုယ်ထဲကို စိမ့်ဝင်ပျံ့နှံ့လို့ လာပါတယ်။ မူလတန်းပြဆရာမတစ်ယောက်ဖြစ်လာဖို့ဆိုတာက ကျွန်မ အမြဲအိပ်မက် မက်ခဲ့တဲ့အရာ ဖြစ်ခဲ့တာပါ။ ဒီအလုပ်မှာ သူ့အခက်အခဲနဲ့သူ ရှိပါတယ်။ ဒါပေမဲ့ ခုလိုအချိန်မျိုးကျတော့ ဒီအလုပ်ကို လုပ်ခဲ့မိတဲ့အတွက် ကျွန်မ သိပ်ကို ကြည်နူးဝမ်းသာမိတယ်။

"ဒါဆိုရင် ဘာကြောင့်များ ဇာတ်ညွှန်းရေးတဲ့ဘက်ကို ပြောင်းခဲ့မိတာပါလိမ့်"

အစမှာတော့ အလုပ်နှစ်ခုလုံးကို တစ်ပြိုင်တည်း လုပ်ခဲ့တာပါ။ အစားထိုး ဆရာ ဆရာမတွေကို တခြားအလုပ် လုပ်ခွင့်လည်း ပြုထားပါတယ်။ ဒါကြောင့် တစ်ဖက်က ဇာတ်ညွှန်းရေးတဲ့အလုပ်ကို လုပ်ဖြစ်သွားတာပါ။

ဒါပေမဲ့လည်း နောက်ဆုံးမှာ အချိန်ပြည့် ဆရာမဖြစ်ဖို့ အခွင့်အရေးကို ပေးလာတဲ့အခါ ဘယ်လမ်းကို လျှောက်ရမလဲဆိုတာကို ရွေးချယ်ဖို့ ဖြစ်လာပါတယ်။ ကျွန်မဟာ အချိန်ပြည့် ဇာတ်ညွှန်းရေးဆရာတစ်ယောက် ဖြစ်လာဖို့အတွက် စာသင်ကြားတဲ့အလုပ်ကို လက်လျှော့ဖို့ ဆုံးဖြတ်ခဲ့တာပါ။

အခုဆိုရင် ဘယ်နှနှစ်လောက်တောင် ရှိသွားပြီလဲ။ ကျွန်မ တပည့်ဟောင်းတွေတောင် အလုပ်နဲ့အကိုင်နဲ့ လူကြီးတွေ ဖြစ်ကုန်ကြပြီ။ ကျွန်မလည်း အသက် ၄၀ တွင်းကို ချင်းနင်းဝင်ရောက်ခဲ့ပါပြီ။


mgyoe.com

mgyoe.com SAMPLE BOOK


ဒီရက်တွေမှာ ကျွန်မဟာ ဘယ်တော့မှ မဆုံးနိုင်ဘူးလို့ ထင်ရတဲ့ သောကတစ်ခုရဲ့ ဖိစီးလွှမ်းမိုးခြင်းကို ခံနေခဲ့ရတာပါ။ စာသင်တဲ့အလုပ်ကိုသာ ဆက်လုပ်နေခဲ့မယ်ဆိုရင် အခါအားလျော်စွာ ဘယ်လောက်ပဲ ခက်ခဲတယ်လို့ ခံစားရပါစေဦး။ ကျွန်မဘဝဟာ အများကြီး ပိုတည်ငြိမ်နေလောက်ပါတယ်။ ပြီးတော့ ကျွန်မရဲ့အနာဂတ်နဲ့ပတ်သက်တဲ့ အကြောက်တရားတွေကလည်း ကျွန်မကို ညဘက်တွေမှာ အိပ်မပျော်အောင် လုပ်လို့ရတော့မှာ မဟုတ်ပါဘူး။

ကျွန်မ နှုတ်ခမ်းကိုကိုက်ပြီး ပေါင်ပေါ် ကို ငုံ့ကြည့်နေလိုက်မိပါတယ်။

***



mgyoe.com

mgyoe.com SAMPLE BOOK

# [ ၂ ]

ဘူတာရုံကနေအထွက် ဆန်ဂျိုတံတားကို ဖြတ်ကူးပြီး အာခရိနဲ့တွေ့ဖို့ ချိန်းထားတဲ့ ဟိုတယ်ရှိရာကို လျှောက်လာခဲ့လိုက်တယ်။ ကျိုတိုမြို့လယ်ကောင်ကို မရောက်တာတောင် အတော်ကြာခဲ့ပါပြီကောလား။

လွန်ခဲ့တဲ့နှစ်နှစ်လောက်အထိ ဒီနေရာမှာ ကျွန်မ နေထိုင်ခဲ့တာပါလားလို့ သက်ပြင်းတစ်ချက်ချရင်း တွေးမိတယ်။ အိပ်ခန်းတစ်ခန်း၊ ဧည့်ခန်းတစ်ခန်း သီးခြားစီပါပြီး ခါမိုမြစ်ပြင်ကျယ်ကို အပေါ်စီးကနေ မြင်ရတဲ့လေဝင်လေထွက်ကောင်းကောင်းနဲ့ ကျယ်ဝန်းတဲ့ တိုက်ခန်းတစ်ခန်းမှာ နေထိုင်ခဲ့တာပါ။ မနက်ခင်းတွေမှာ မြစ်ကမ်းတစ်လျှောက် လမ်းလျှောက်ရင်လျှောက်၊ ဒါမှမဟုတ်ရင် ကျယ်ဝန်းတဲ့ လသာဆောင်ပေါ်မှာ လက်ဖက်ရည်ထိုင်သောက်လို့ ရတယ်လေ။ အဲဒီတုန်းက ခီယမချိလမ်းပေါ်က ကော်ဖီဆိုင်တစ်ဆိုင်မှာ ကျွန်မ သွားထိုင်လေ့ရှိတယ်။ ခါမိုမြစ်နဲ့ အပြိုင်စီးဆင်းနေတဲ့ တာ့ကဆဲဆိုတဲ့ တူးမြောင်းငယ်လေးကို အပေါ်ကနေ ငေးမောရင်းနဲ့ပေါ့။ အဲဒီနေရာကို ကျွန်မ အတော်သဘောကျခဲ့တာ။ အခုတော့ ဘာဖြစ်နေပြီလဲမသိဘူး။



mgyoe.com

mgyoe.com


အတွေးနဲ့ နှစ်မျောရင်းနဲ့ပဲ ဆန်ဂျိုလမ်းကနေ မြောက်ဘက်၊ ပြီးတော့ အိုအိခဲလမ်းတစ်လျှောက် အနောက်ဘက်ကို ဦးတည်ပြီး လျှောက်လာခဲ့တယ်။ ဟိုတယ်က မြို့တော်ခန်းမနဲ့ ကပ်လျက်မှာပဲရှိတယ်။ အတိတ်တုန်းက ဒီနေရာမှာ အလုပ်အစည်းအဝေးတွေ အများကြီးကြုံခဲ့ဖူးတာပေါ့။ သွေးခုန်နှုန်းတွေ မြန်လာသလို ခံစားလိုက်ရရင်း လော်ဘီကိုဖြတ်ပြီး ကော်ဖီဆိုင်ရှိရာကို ဝင်လာခဲ့ပါတယ်။

ဆိုင်ထဲမှာ လူက အပြည့်ပါပဲ။ နိုင်ငံခြားသား ခရီးသွားတွေကိုလည်း အများအပြား တွေ့ရတယ်။ ဒါပေမဲ့ ပြတင်းပေါက်နားက ထိုင်ခုံတွေကို လှမ်းအကြည့်မှာ အာခရိ နာခယမကို ရှာတွေ့လိုက်တယ်။

ထုတ်လုပ်ရေးကုမ္ပဏီဝန်ထမ်းတွေဟာ ပေါ့ပေါ့ပါးပါးပဲ ဝတ်လေ့စားလေ့ရှိတယ်။ ဒါပေမဲ့ အာခရိကိုတော့ အလုပ်မှာ သူ့ရဲ့ စူးစိုက်နှစ်မြှုပ်မှုကို ထင်ဟပ်ဖော်ပြတဲ့ ကြော့ကြော့မော့မော့ ဝတ်စုံမျိုးနဲ့ကလွဲပြီး တခြားပုံစံကို ကျွန်မ မမြင်ဖူးပါဘူး။ ဒီနေ့လည်း ခြွင်းချက်မရှိပါပဲ။ အနက်ရောင်ကုတ်နဲ့ ဘောင်းဘီရှည်ကိုတွဲပြီး ဝတ်စုံပြည့် ဝတ်ထားပါတယ်။ သူ လက်ပ်တော့ကို တဖြောက်ဖြောက်ရိုက်နေလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ထားပေမဲ့ လက်ထဲမှာ tablet[၁] တစ်လုံးကိုပဲ ကိုင်ထားတာ တွေ့ပါတယ်။

"အာခရိရေ... စောင့်နေရသလိုဖြစ်သွားရင် ဆောရီးနော်"

သူ့ဆီကို လှမ်းလျှောက်သွားရင်းနဲ့ ကျွန်မ ပြောလိုက်တာပါ။ သူက ကျွန်မကို မော့ကြည့်ပြီး ထခုန်လိုက်တယ်။

"ဟော မိဇုကိ၊ ရုတ်တရက်ကြီး ဒီလိုမျိုး ခေါ်လိုက်ရတာ တောင်းပန်ပါတယ်။ အချိန်ပေးတဲ့အတွက် ကျေးဇူးပဲနော်"

"ရပါတယ်ရှင်၊ ကိစ္စမရှိပါဘူး"

"ရှင် ဒီအနီးအနားမှာပဲ နေတာမဟုတ်လား"

ကျွန်မက မပီမပြင် ရယ်လိုက်ရင်း ခေါင်းကို ယမ်းလိုက်တယ်။

"တကယ်တော့ ကျွန်မ အိမ်ပြောင်းလိုက်ပြီ"

---

၁။ မောက်စ်၊ ကီးဘုတ်မသုံးဘဲ ဖန်သားပြင်မှ တိုက်ရိုက်အသုံးပြုနိုင်သော အိတ်ဆောင်ကွန်ပျူတာတစ်မျိုး။



mgyoe.com

mgyoe.com


"အို... အခု ကျွန်မ တကယ်စိတ်မကောင်းဖြစ်သွားပြီ။ ရှင် ဒီအနီး အနားမှာပဲ နေတယ်ထင်လို့ ဒီနေရာကို အကြံပြုလိုက်တာ"

ကျွန်မက ဘာမှ အရေးမကြီးပါဘူးဆိုတဲ့အကြောင်း သူ့ကို ဖြေပြော ပြောပြီး ထိုင်ခုံမှာ ဝင်ထိုင်လိုက်ကြတယ်။ ကျွန်မ မှာထားတဲ့ကော်ဖီက ခပ်မြန်မြန်ပဲ ရောက်လာတယ်။

"ရှင် အခုပဲ မြို့ထဲကို ရောက်တာလား"

"ဟုတ်တယ်၊ ဒီညနေ နယ်ခံရုပ်သံကွန်ရက်တစ်ခုက လူတစ်ယောက် နဲ့ တွေ့မလို့ လုပ်ထားတာ"

"ဟုတ်သားပဲ၊ ကျွန်မတို့ရဲ့ ဒါရိုက်တာကြီးကော ဘာတွေလုပ်နေလဲ"

"သူက အခု ပရိုဂျူဆာ ဖြစ်သွားပြီလေ"

"အောင်မြင်နေတာပေါ့လေ။ အခုလောလောဆယ် ရှင်က ဒါရိုက်တာ ပေါ့၊ ဟုတ်လား"

"ရှင့်အတွက် ထူးဆန်းသလို ဖြစ်နေတော့မှာပဲနော်။ ကျွန်မ လူသစ် လေးတုန်းက ရှင် ကျွန်မကို သိခဲ့တာဆိုတော့"

အာခရိဟာ ကုမ္ပဏီမှာ အလုပ်ဝင်ပါပြီဆိုကတည်းက အားသွန် ခွန် စိုက် အလုပ်လုပ်တတ်တဲ့သူမျိုး။ ကိုယ်တိုင်အတွက်ရော ကျန်တဲ့သူတွေကိုပါ စံနှုန်းတွေ အမြင့်ဆုံးထားလေ့ ရှိတယ်။ သူ ကြီးကြီးမားမား တစ်ခုခု ဖြစ်လာ မယ်ဆိုတာကို ကျွန်မ သိနေခဲ့တယ်။ အဲဒါကြောင့်လည်း ပြီးခဲ့တဲ့လက ကျွန်မ သူ့ဆီကို အီးမေးလ်ပို့ဖို့ ဆုံးဖြတ်ခဲ့မိတာ။ သူ့ရဲ့ ရှင်းရှင်းပြတ်ပြတ် သဘော ထားက ကျွန်မ အတိအကျ လိုအပ်နေတဲ့အရာလို့ ယူဆပြီးတော့လေ။ တခြားသူ တစ်ယောက်ယောက်ဆီ ဆက်သွယ်ကြည့်ဖို့ကိုက ကျွန်မ စိတ် သက်သောင့်သက်သာဖြစ်မယ် မထင်ဘူး။

ကျွန်မ လည်ချောင်းနည်းနည်း ရှင်းလိုက်တယ်။ ဒီလိုမျိုး အာလာပ သလ္လာပတွေ လျှောက်ပြောနေတာက ကျွန်မ စိတ်ကူးထဲမှာ ရှေ့တန်းတင် ထားတဲ့ အကြောင်းအရာကို အစဖော်ဖို့ ပိုပိုပြီးတော့ ခက်ခဲလာစေပါတယ်။ ကျွန်မပို့ထားတဲ့ ဇာတ်ညွှန်းအကြောင်းကို ပြောတာပါ။

'ဒီတော့ ဒီဇာတ်လမ်းကို ရှင် ဘယ်လိုထင်လဲဟင်'


mgyoe.com

mgyoe.com


လို့မေးဖို့ စကားလုံးတွေက ကျွန်မလျှာဖျားပေါ် ကို ရောက်လာတယ်။ ဒါပေမဲ့ အပြင်ကို ထုတ်မပြောနိုင်လိုက်ပါဘူး။ အရင်ဆုံး ကျွန်မရင်ထဲမှာ ရှင်းလင်းသွားအောင် လုပ်ဖို့ လိုနေတဲ့အရာတစ်ခု ကျန်နေပါသေးတယ်။

"အာခရိရေ..." ခေါင်းကို ငိုက်ချထားရင်း ကျွန်မ ပြောလိုက်တယ်။ "ကျွန်မ ဒုက္ခပေးခဲ့သမျှတွေအတွက် ရှင့်ကို တကယ်တောင်းပန်ပါတယ် နော်" လို့။

သူက ခေါင်းယမ်းလိုက်တယ်။ "ရပါတယ် မိဇုကိရယ်။ ရှင့်အတွက် ဘယ်လောက်ခက်ခဲခဲ့သလဲဆိုတာကို ကျွန်မ သိပါတယ်။ ရှင်က အမြဲတမ်း သူများတွေထက်ပိုပြီး အတွေးအခေါ် ကောင်းခဲ့တဲ့သူပါ။ ပြီးတော့ အဲဒါကို ရှင့်ရဲ့ ဖန်တီးမှုမှာ မြင်ရတယ်လေ။ ဒါပေမဲ့ လူတွေက အပြစ်မြင်လာကြတဲ့ အခါ ရှင့်အတွက် ကိစ္စတွေက ပိုပြီးထိခိုက်နာကျင်စရာ ဖြစ်ကုန်တာပေါ့လေ"

အာခရိက ကော်ဖီကို တစ်ငုံယူသောက်လိုက်တယ်။ ကျွန်မကတော့ ဘာစကားမှ မပြောနိုင်ဘဲ နောက်တစ်ကြိမ်ခေါင်းကို ညွှတ်ထားလိုက်တယ်။

"ရှင် တကယ်ကောင်းတဲ့ ရှိုးတွေကို ရေးခဲ့တာပါ မိဇုကိ"

သူက ကျွန်မကို စူးရှတောက်ပြောင်တဲ့အရာတစ်ခုကို ကြည့်နေသလို မျိုး မျက်စိကို မှေးစင်းကြည့်ရင်းနဲ့ ပြောလိုက်တာပါ။

ပြီးတော့ အတိတ်ကာလပြ အသုံးမျိုးကို သုံးသွားပါသေးတယ်။

*

အသက် ၂၀ အရွယ်မှာ ဇာတ်ညွှန်းရေးဆရာမအဖြစ် ကျွန်မ ပွဲဦးထွက်ခဲ့တာပါ။ ရုပ်သံဌာနကြီးတစ်ခုက ဦးစီးကျင်းပတဲ့ပြိုင်ပွဲမှာ အကောင်းဆုံး ဒရာမာဇာတ်ညွှန်းဆုကို ရပြီးတဲ့နောက်မှာပေါ့။ ဒီတုန်းက ကျွန်မ ကျောင်းသူပဲ ရှိပါသေးတယ်။ အဲဒီနောက်မှာတော့ ကျွန်မ ဇာတ်ညွှန်းတွေ ပုံမှန် စရေးဖြစ်ပါတယ်။ အဲဒီကရတဲ့ ဝင်ငွေက စားဝတ်နေရေးအတွက် ဘယ်တော့မှ မလုံလောက်ပေမဲ့ပေါ့လေ။

ဘွဲ့ရပြီးတော့လည်း ဇာတ်ညွှန်းတွေ ဆက်ရေးနေပြီး အစားထိုး မူလတန်းပြ ဆရာမတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဇာတ်ညွှန်းရေးတဲ့အလုပ်က


mgyoe.com

mgyoe.com


တော့ ကျောင်းသူဘဝက အကြွင်းအကျန် ကြားပေါက်အလုပ်တစ်ခု ဖြစ်သွားသလိုပါပဲ။

အဲဒီအချိန်မှာပဲ တက္ကသိုလ်မှာတုန်းက ကျွန်မရေးခဲ့တဲ့ ဇာတ်ညွှန်းတစ်ပုဒ်က အကြီးအကျယ် ပေါက်သွားပါလေရော။ နာမည်မရှိ၊ လူမသိတဲ့ သရုပ်ဆောင်တွေ ပါဝင်ထားတဲ့ ညဥ့်နက်မှလွှင့်တဲ့ ဇာတ်လမ်းတွဲတစ်ပုဒ်ပါ။ အဲဒါကြောင့်လည်း ကျွန်မရဲ့ဖန်တီးမှုအတွက် ပိုလို့တောင် ချီးမွမ်းထောမနာပေးခြင်းကို ခံခဲ့ရပါတယ်။

အဲဒီအောင်မြင်မှုနောက်ပိုင်း ကျွန်မ လျှောက်နေတဲ့လမ်းမှာ ပိုပြီးအခွင့်အလမ်းသာတဲ့အလုပ်တွေ ပေါ်လာခဲ့တယ်။ အသက် ၂၀ ကျော်ပဲရှိသေးတဲ့ ကျွန်မဟာ ခပ်မြန်မြန်ပဲ 'ရွှေလက်ပိုင်ရှင်' ရယ်လို့ အမည်တပ်ခြင်းခံရပြီး ကြည့်ရှုမှုအများဆုံးအချိန်မှာ ထုတ်လွှင့်မယ့် ရုပ်သံဇာတ်လမ်းတွဲဇာတ်ညွှန်းကို ရေးပေးဖို့ အပ်နှံခြင်းကို ခံခဲ့ရပါတယ်။ ဒီလိုတွေဖြစ်လာပြီး သိပ်မကြာလိုက်ပါဘူး။ ဇာတ်ညွှန်းရေးသားတဲ့အလုပ်မှာပဲ ကျွန်မ ကိုယ့်ကိုယ်ကိုယ် မြှုပ်နှံထားလိုက်ပါတော့တယ်။

ဒါပေမဲ့ အသက် ၃၅ နှစ်လောက်ကို အရောက်မှာတော့ အရာအားလုံးပြောင်းလဲသွားခဲ့ပါတယ်။ ရုတ်တရက်ဆိုသလို ကျွန်မရဲ့ ရှေးရှေးက အောင်မြင်မှုတွေက ဘာတစ်ခုမှ အရေးမပါတော့သလိုမျိုး ဖြစ်သွားတာပါ။ ကျွန်မရေးသားတဲ့ရှိုးတွေရဲ့ ပရိသတ်ကြည့်ရှုနှုန်းတွေ ထိုးကျသွားပါတယ်။

နောက်ဆုံးထိုးနှက်ချက်ကတော့ လူတိုင်းက အကြီးကြီး အောင်မြင်လိမ့်မယ်လို့ ယူဆထားပြီး ထိတ်ထိတ်ကြဲ သရုပ်ဆောင်တွေ ပါဝင်တဲ့ဇာတ်လမ်းတွဲတစ်ပုဒ်အတွက် ဇာတ်ညွှန်းရေးပေးရတဲ့အချိန်မှာ ရောက်လာခဲ့တာပါ။ ပရိသတ်ကြည့်ရှုမှုအများဆုံးအချိန်မှာ ထုတ်လွှင့်တာပါပဲ။ ဒါပေမဲ့ ကြည့်ရှုနှုန်းကတော့ ဂဏန်းတစ်လုံးထက် တစ်ခါမှကို မကျော်ခဲ့ပါဘူး။ မသိရင် ကျွန်မ စစ်ရာဇဝတ်မှုတစ်ခုကို ကျူးလွန်မိတဲ့အတိုင်းပါပဲလေ။

ဒီလိုနဲ့ မအောင်မြင်တဲ့ ဇာတ်လမ်းတွဲတွေ တဖြည်းဖြည်းများလာတယ်။ ဒါတောင်မှ အဲဒီနောက်ပိုင်း ကျွန်မကို အခွင့်အရေးပေးချင်တဲ့လူတွေ ရှိခဲ့ပါသေးတယ်။ ကျွန်မ နောက်ရေးတဲ့ဇာတ်လမ်းကတော့ ပရိသတ်တွေကို


mgyoe.com

mgyoe.com


သေချာပေါက် ဆွဲဆောင်နိုင်မှာပဲ ဆိုပြီးတော့လေ။ ဒါပေမဲ့ နောက်ဇာတ်လမ်းတွဲကလည်း မပေါက်၊ အဲဒီနောက်က ဇာတ်လမ်းတွဲကလည်း အလုပ်မဖြစ်ခဲ့ပါဘူး။ ကျွန်မအပေါ် လူတွေရဲ့ တုံ့ပြန်မှုက ဆိုးသည်ထက် ဆိုးလာပါ တယ်။ သိပ်မကြာခင်မှာပဲ ကျွန်မဟာ ဝါရင့်၊ သမ္ဘာရင့် ဒါရိုက်တာကြီးတွေနဲ့ မဟုတ်တော့ဘဲ အာခရိတို့လို တက်သစ်စလေးတွေနဲ့ အလုပ်တွဲလုပ်နေရပါတော့တယ်။

အဲဒီအချိန်မှာ အရာအားလုံး တစ်စစီ ပြိုလဲပျက်စီးကုန်တော့တာပါ။ အတောမသတ်တဲ့ ဝေဖန်မှုနဲ့ ကြောင့်ကြပူပန်မှုတွေက ကျွန်မအပေါ် မှာ ဖိစီးနှိပ်စက်လွန်းလို့ အလုပ်ကို ကျွန်မ မသွားတော့ပါဘူး။ ကျွန်မဆီကို ခေါ်သမျှ ဖုန်းတွေ၊ လာသမျှ မက်ဆေ့ချ်တွေကို လျစ်လျူရှုပြီး လုံးလုံးလျားလျား ကိုယ်ယောင်ဖျောက်နေလိုက်ပါတယ်။ ကျွန်မ လုပ်ရမယ့်အလုပ်တွေကို သိမ်းကျုံးပြီး တာဝန်ယူလိုက်ရသူကတော့ အာခရိပါပဲ။ သူ့အတွက် အိပ်မက်ဆိုးတစ်ခုလို ဖြစ်ခဲ့မှာပါ။ ဒါတောင်မှ ကျန်တဲ့သူတွေအားလုံး ကျွန်မကို စာရင်းမသွင်းကြတော့တဲ့အချိန်မှာ အာခရိကသာ အဆက်အသွယ်မပြတ်အောင် ကြိုးစားပြီးနေခဲ့တဲ့ တစ်ဦးတည်းသောသူပါ။

နောက်ဆုံးတော့ သူတောင်မှ ကျွန်မကို ဖုန်းမဆက်တော့ပါဘူး။ ကျွန်မလည်း အလုပ်လက်မဲ့ လုံးလုံးဖြစ်သွားပါတယ်။ 'ရွှေလက်ပိုင်ရှင်' ရယ်လို့ လျှမ်းလျှမ်းတောက်ခဲ့ချိန်က စုဆောင်းထားခဲ့တဲ့ ငွေကြေးတွေလည်း ခပ်မြန်မြန်ပဲ ကုန်အောင် သုံးလိုက်မိပါတယ်။ မကြာခင်မှာ ကျွန်မရဲ့ အရင်အခြေအနေအတိုင်း ဟန်မပျက်နေဖို့က ခက်ခဲလာတယ်။ ကျွန်မရဲ့ ခေတ်မီတိုက်ခန်းကို စရိတ်စကသက်သာတဲ့ နေရာတစ်ခုနဲ့ အလဲအလှယ်လုပ်ပြီး နေဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီလိုနဲ့ အခုလက်ရှိနေရာကို ကျွန်မ ရောက်လာခဲ့တာပါ။ ပြီးတော့ အောင်မြင်နေတဲ့ နှစ်ကာလတွေအတွင်း ကျွန်မ ဝယ်ယူစုဆောင်းထားတဲ့ အကောင်းစား ပရိဘောဂပစ္စည်းတွေ အကုန်လုံးကိုလည်း ရောင်းချပစ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အချိန်တစ်ခု ကြာပြီးတဲ့အခါမှာတော့ ကျွန်မ ဇာတ်ညွှန်းတွေ ပြန်စရေးပါတယ်။ ဒါပေမဲ့ 'ဆယ်ရီကာ' ဆိုတဲ့ ကလောင်နာမည်နဲ့ ရေးတာပါ။


mgyoe.com

mgyoe.com
SAMPLE BOOK


အွန်လိုင်းက တွေ့တဲ့ မိုဘိုင်းဂိမ်း ဇာတ်ညွှန်းရေးဆရာခေါ်တဲ့ ကြော်ငြာကို လျှောက်ကြည့်ရာက အလုပ်ရလိုက်ပြီး အခုအချိန်အထိ ရုန်းကန်ရပ်တည်လာရတာပေါ့လေ။

နာမည်ဝှက်နဲ့ အလုပ်လုပ်တာဆိုတော့ ပြီးသွားတဲ့အခါ ကျွန်မမှာ နာမည်ဂုဏ်သတင်း ပြစရာရယ်လို့ ဘာမှမကျန်ခဲ့ပါဘူး။ ပြီးတော့ ပိုပြီး အလားအလာကောင်းတဲ့ အနေအထားတစ်ခုကို ရောက်မယ့်ပုံလည်း မပေါ်ပါဘူး။ ဒါပေမဲ့ ဒီအခြေအနေမှာ ကျွန်မနာမည်အစစ်ကို တစ်နေရာရာမှာ ထည့်သုံးဖို့ဆိုတာက အတွေးနဲ့တင် ထိတ်လန့်စရာ ကောင်းလှပါပြီ။

*

"ကျွန်မ ရှင့်လက်ရာတွေကို တကယ် သဘောကျတာပါ မိဇုကိ။ 'မိုးယံသို့ချီ' တို့၊ 'အလင်းဖွဲ့တည်သော စာသင်ခန်း' တို့ဆိုတာတွေ... ဇာတ်လိုက်က အောက်ခြေကနေ စလာပြီး ဖြည်းဖြည်းချင်း ထိပ်ဆုံး ရောက်အောင် တက်သွားတာကို သရုပ်ဖော်ပုံတွေ၊ သိပ်မှော်ဆန်တာပဲ။ အဲဒီ ဘယ်တော့မှ အလျှော့မပေးတဲ့ စိတ်ဓာတ်က တကယ့်ကို စေ့ဆော်မှုပေးနိုင်တာ။ သိလား"

ဒီချီးမွမ်းမှုက ကျွန်မကို ကိုယ့်အကြောင်း ကိုယ်သာသိဆိုသလို ဖြစ်စေတာမို့ မျက်နှာလွှဲလိုက်မိပါတယ်။ ဇာတ်လမ်းဇာတ်ကွက်နဲ့ နောက်ခံအခင်းအကျင်းတွေ ဘယ်လိုပဲကွဲပြားပါစေ။ ကျွန်မရဲ့ဇာတ်ညွှန်းတွေမှာ တူညီတဲ့အရာတစ်ခု ရှိပါတယ်။ အခက်အခဲ၊ ဒုက္ခသုက္ခပေါင်းစုံကို မဆုတ်မနစ် အားထုတ်ကြိုးပမ်းပြီး အဆုံးမှာ သူတို့နဲ့ထိုက်တန်တဲ့ ဆုလာဘ်ကို ရရှိပိုင်ဆိုင်သွားတဲ့ အဖိနှိပ်ခံလူတစ်ယောက်ရဲ့ အကြောင်းတွေပါပဲ။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် သမားရိုးကျ အောင်မြင်ရေးဇာတ်လမ်း တစ်ပုဒ်ပေါ့ရှင်။

"အဲဒါကြောင့် ရှင် ပို့လိုက်တဲ့ဇာတ်ကို ဖတ်ဖို့ ကျွန်မ တကယ် စိတ်အားထက်သန်နေခဲ့တာ"

ကျွန်မရဲ့ နှလုံးခုန်သံတွေ မြန်စပြုလာတယ်။ စိတ်လှုပ်ရှားတာရော၊


mgyoe.com

mgyoe.com
SAMPLE BOOK


စိုးရိမ်တာရော ပေါင်းပြီး လက်တွေတုန်လာတာကို ကျွန်မ ခံစားမိတယ်။ ကျွန်မ သူ့ကို မျှော်လင့်တကြီး ကြည့်လိုက်တယ်။

"စိတ်မကောင်းပါဘူး မိဇုကိရယ်။ သူတို့က ဒီဇာတ်လမ်းကို ပယ်ချလိုက်ကြတယ်။ အစည်းအဝေးမှာတင်ပြတော့ အမှုဆောင်တွေက သိပ်သဘောမတွေ့ကြဘူး" သူက တောင်းပန်တိုးလျှိုးတဲ့အနေနဲ့ မျက်လွှာကို ခပ်မြန်မြန်ချသွားတယ်။

"အို... ရပါတယ်၊ ရှင် သူတို့ကို တင်ပြပေးတယ်ဆိုတာကိုပဲ ကျွန်မ ဝမ်းသာလှပါပြီ" လို့ ကပျာကယာ ခေါင်းကိုခါရင်း အပြုံးနဲ့ တုံ့ပြန်လိုက်ရတယ်။

အာခရိဟာ သူ့အလုပ်ကိုတော့ သူ စိတ်ပါလက်ပါ ပုံအောပြီး လုပ်တတ်တဲ့သူမို့လို့ အနည်းဆုံးတော့ ကျွန်မရဲ့အဆိုပြုချက်ကို သူ ဖတ်ကြည့်ခဲ့လိမ့်မယ်လို့ မရဲတရဲ မျှော်လင့်ထားမိပါရဲ့။ တကယ်တမ်း ရုပ်သံလိုင်းက အမှုဆောင်အရာရှိတွေအရှေ့မှာ ဒါကို အမွှမ်းတင် ပြသပေးဖို့ကိုတော့ မမျှော်လင့်ခဲ့ပါဘူး။ ပျော်တယ်ဆိုတာထက် ပိုပါတယ်။ ကျွန်မ အံ့သြတကြီး ဖြစ်သွားတာပါ။ တစ်ချိန်တည်းမှာပဲ ကျွန်မဟာ ရုပ်သံလောကအတွက် အရည်အချင်း မပြည့်မီတော့ဘူးဆိုတဲ့ ဒီအတည်ပြုချက်ဟာ ရင်ဝကို အကန်ခံလိုက်ရသလိုပါပဲ။

"အင်းပေါ့လေ၊ အဲဒီလိုဆိုမှတော့... ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် အာခရိရယ်" အပြုံးမပျက်ပြောရင်း သူ့ကို ဦးညွှတ်လိုက်တယ်။ ရင်ထဲမှာတော့ ခံစားချက်တွေနဲ့ ထွေးလုံးရစ်ပတ်ဖြစ်နေဆဲပါပဲ။

ခဏလောက်လေးပဲ ကြာမယ်ထင်ပါတယ်။ သူ ကျွန်မကို ကြင်ကြင်နာနာနဲ့ ကြည့်လိုက်တယ်။

"ကျွန်မ ဒီထက်ပိုပြီး အကူအညီမပေးနိုင်တာ တောင်းပန်ပါတယ်" လို့ပြောရင်း ခပ်မြန်မြန် ပြန်ပြီးဦးညွှတ် အရိုအသေပေးတယ်။

"ကမန်းကတန်း သွားရတာကို စိတ်မရှိပါနဲ့နော်။ ကျွန်မ ချိန်းထားတဲ့ အချိန် ကပ်နေပြီမို့လို့ပါ" ဆိုပြီး သူက ဆက်ပြောပါတယ်။

"အိုး... ဟုတ်သားပဲ၊ သွားစရာရှိတာ သွားပါရှင်၊ အားမနာပါနဲ့"


mgyoe.com

mgyoe.com
SAMPLE BOOK


"နောက်မှ တွေ့ကြတာပေါ့" လို့ သူက ပြောပြီး ဆိုင်ထဲကနေ ထွက်သွားပါတယ်။

*

အာခရိ ထွက်သွားပြီးတဲ့နောက် ကျွန်မ ပြတင်းပေါက်အပြင်ကို ငေးငိုင် ကြည့်နေမိတယ်။

နောက်ဆုံးတော့ ကျွန်မကို အပျက်စကားပြောရုံအတွက်နဲ့များ ဘာကြောင့် ကော်ဖီဆိုင်အထိ ခေါ် ရတာပါလိမ့်လို့ အတွေးပေါက်လာတယ်။

ဒါပေမဲ့ သူပြောသလိုပဲ ကျွန်မကို ဒီနားပတ်ဝန်းကျင်မှာပဲ နေထိုင်နေသေးတယ် အောက်မေ့လို့နေမှာပေါ့။ ပြီးတော့ အိုးမေးလ်နဲ့ အကြောင်းပြန်လို့ရရဲ့သားနဲ့ ကျွန်မကို လူကိုယ်တိုင် ဒုက္ခရှာပြီး လာပြောပြတာလေ။ သူ့ကို ကျေးဇူးတောင် တင်ရဦးမယ်မဟုတ်လား။

"ကျွန်မ လက်လျှော့လိုက်ဖို့ အချိန်ကျနေပြီလား"

ဒီငြင်းပယ်မှုက လက္ခဏာတစ်ခု ဖြစ်နိုင်ပါတယ်။ အတိတ်က အောင်မြင်မှုတွေကို ဖက်တွယ်မနေတော့ဘဲနဲ့ ဇာတ်ညွှန်းရေးတဲ့အလုပ်ကို ထာဝရ စွန့်လွှတ်လိုက်ဖို့ လိုအပ်နေတာဆိုတဲ့ ကျွန်မအတွက် ပေးလာတဲ့ သတင်းစကား ဖြစ်ပုံရပါတယ်။

အေးစက်နေပြီဖြစ်တဲ့ ကော်ဖီကို ပါးစပ်နား ယူလိုက်တယ်။

"ဟေး... ခင်ဗျားတို့ ပြောနေကြတာတွေကို ကြားလိုက်ရလို့" အနားမှာရှိတဲ့ စားပွဲကနေ ကြားလိုက်ရတဲ့အသံပါ။ "ဒီတော့ ခင်ဗျားက ဇာတ်ညွှန်းဆရာမ မိဇုကိဆယ်ရိကဝပေါ့"

ကျွန်မ မကြည်မလင်နဲ့ လှမ်းကြည့်လိုက်တယ်။ ကျွန်မကို အရမ်းကို ပေါ့ပေါ့ပါးပါးနဲ့ အနိမ့်သံသုံးပြီး စကားလှမ်းပြောလိုက်တဲ့လူဟာ ပိန်ပိန်ပါးပါး ယောကျ်ားပျိုတစ်ယောက်ဖြစ်နေပြီး အသက် ၂၀ ဝန်းကျင်လောက် ရှိမယ်ထင်ပါတယ်။

လူပုံကိုကြည့်ရတာ အတော်ကလေး မျက်စိစူးချင်စရာပါ။ ရှုးကြောင်ကြောင်လို့တောင် ပြောလို့ရလောက်တယ်။ ဆံပင်ကို အပြင်ပန်းမှာ ရွှေရောင်


mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုးထားပြီး အတွင်းက ဆံသားတွေကိုတော့ အပြာဖျော့ဖျော့ ဆိုးထားတယ်။ လှပတဲ့ အစိမ်းရောင်မျက်လုံးတွေကို ကြည့်ရသလောက် အရောင်ပါတဲ့ မျက်ကပ်မှန် တပ်ထားတာပဲ ဖြစ်ရမယ်။ အနီရောင်အနားကွပ်ပါတဲ့ မျက်မှန်ကိုလည်း ခပ်ထည်ထည် တပ်ထားသေးတယ်။ သူ့မျက်လုံးအရောင်ကို ထေမိအောင် တပ်ထားတာ နေမှာပေါ့။

သူက လက်ထဲမှာ ဖုန်းကိုကိုင်ထားပြီး ကျွန်မကို ခဏ အကဲခတ်နေတယ်။ ပြီးမှ ရုတ်တရက်ပြုံးလိုက်တယ်။ သူ့မှာ သွားစွယ်အကြီးကြီးတွေ ရှိတာပဲ။

"အင်း... ဟုတ်ပါတယ်"

ဒီလို လူငယ်လူရွယ်တစ်ယောက်က ကျွန်မကို ဘာကြောင့်များ သိနေရတာပါလိမ့်လို့တွေးရင်း ဇဝေဇဝါနဲ့ ခေါင်းညိတ်ပြလိုက်မိတယ်။

"ခင်ဗျားရဲ့ရှိုးတွေကို ကျွန်တော် သဘောကျတယ်ဆိုတာ ပြောချင်လို့"

သူက မျက်မှန်အနောက်ကနေ ကျွန်မကို ရွှန်းရွှန်းစားစားကြည့်ရင်းနဲ့ ပြောလိုက်တာပါ။ လေသံကတော့ အနိမ့်သံကိုပဲ ထပ်သုံးပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် ချီးမွမ်းတာက ချီးမွမ်းတာပဲလေ။

"ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအတောအတွင်းမှာတော့ ခင်ဗျားရှိုးတွေက ဆွဲဆောင်နိုင်စွမ်း ပျောက်ဆုံးနေသလိုပဲဗျ။ မဟုတ်ဘူးလား"

ထိုင်နေလျက်က ကျွန်မ တုန်လှုပ်သွားတယ်။

"ဘယ်လို"

အံ့သြလွန်းလို့ ဘာပြောရမယ်မှန်းတောင် မသိတော့ဘူး။

"ခေတ်တွေက ပြောင်းသွားပြီ။ ခင်ဗျား ခေတ်နဲ့အညီ လိုက်မပြောင်းလဲဘူးဆိုရင် ခင်ဗျား သေချာပေါက် ကျရှုံးမှာပဲ။ အထူးသဖြင့် ခင်ဗျားတို့လောကမှာ ဒါမျိုးကို တစ်ချိန်လုံး မြင်နေရမှာပါ။ ဒီရှိုးတွေဆိုတာက လူအများကြီးကို ထုတ်လွှင့်ပြသနေတာလေ။ ရုပ်သံလောကမှာ အလုပ်လုပ်နေတယ်ဆိုရင် ခေတ်ရေစီးကြောင်းနဲ့ အတူလိုက်နိုင်ရမယ်။ မဟုတ်ရင်


mgyoe.com

mgyoe.com
SAMPLE BOOK


တော့...” သူက လက်ညှိုးတထောင်ထောင်လုပ်ပြီး တတွတ်တွတ်နဲ့ စကားဆက်နေတယ်။ “... ခင်ဗျားဘာသာခင်ဗျား ပါရမီရှင်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် လစ်ပြီပဲ”

ကျွန်မ သူပြောတဲ့စကားတွေကို ကောင်းကောင်းကြားရပါတယ်။ ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ စကားလုံးတွေက နားထဲကို ထော်လော်ကန့်လန့် ဝင်လာသလိုပါပဲ။ ဒီချာတိတ်က ဘာကိုပြောချင်နေတာလဲ။ ဇာတ်ညွှန်းရေးသူတစ်ယောက်အနေနဲ့ ကျွန်မရဲ့ခေတ်က ကုန်သွားပြီ။ အဲဒါကြောင့် ကိုယ့်နေရာကိုယ် သိသင့်တယ်လို့ ဆိုလိုချင်တာလား။

ဒီလိုပြောပေးဖို့အတွက် ကျွန်မ သူ့ကို မလိုအပ်ပါဘူး။

ကျွန်မ မျက်လုံးအိမ်မှာ မျက်ရည်စတွေ တွဲခိုလာတာကို ခံစားမိလိုက်တဲ့အချိန်မှာပဲ အသက်အရွယ် ပိုကြီးပုံရတဲ့ ယောကျ်ားတစ်ယောက် ပေါ်လာပြီး အနောက်ကနေ သူ့နားအုံကို ရိုက်ထည့်လိုက်ပါတယ်။

“အာ့”

“မင်းက ဘာဖြစ်နေတာလဲ။ မင်းမှာ ယဉ်ကျေးမှု မရှိဘူးလားကွ”

ဒီလို ခပ်ကြမ်းကြမ်း ဆုံးမလိုက်တဲ့လူဟာ အသက် ၄၀ ဝန်းကျင်လောက် ရှိပြီး အနက်ရောင်ဝတ်စုံနဲ့ မီးခိုးရောင်လည်စည်းကို ဝတ်ဆင်ထားပါတယ်။ မည်းမှောင်တဲ့ဆံပင်၊ အေးဆေးတည်ငြိမ်တဲ့အကြည့်နဲ့ ထင်ရှားပေါ်လွင်တဲ့ ပုံပန်းသွင်ပြင် အားလုံးပေါင်းလိုက်ရင် ရင်သပ်ရှုမောလောက်စရာပါ။ သူက လူငယ်နဲ့ မျက်နှာချင်းဆိုင်နေရာမှာ ဝင်ထိုင်လိုက်တယ်။

သူ့အဖေများလား။ ဒါပေမဲ့ အဲဒီလောက် အသက်ကွာပုံလည်း မရပါဘူး။ ကြောင်တောင်တောင်ပုံပေါက်နေတဲ့ ကောင်လေးနဲ့ ယှဉ်ရင်တော့ အနောက်တိုင်းဝတ်စုံနဲ့လူက တည်တည်တံ့တံ့နဲ့ ပါမောက္ခတစ်ယောက်ရဲ့ အေးဆေးတည်ငြိမ်မှုမျိုး ရှိတယ်။

“သူ့အတွက် တောင်းပန်ပါတယ်ဗျာ” လို့ အမျိုးသားက ယဉ်ယဉ်ကျေးကျေး ဦးညွှတ်ပြီးပြောတယ်။

“ရပါတယ်ရှင်” ကျွန်မ ခေါင်းကို အသာအယာယမ်းရင်း ပြန်ပြောလိုက်တယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


"မိဇ္ဇကိရေ... ဒီလူက ခင်ဗျားရဲ့ပရိသတ်ဗျ" ဆိုပြီး ကောင်လေးက တခစ်ခစ်ရယ်နေတယ်။ အနောက်တိုင်းဝတ်စုံနဲ့လူက သူ့ကို ခပ်ထန်ထန် ကြည့်လိုက်တယ်။ ပြီးတော့ ကျွန်မဘက်ကိုလှည့်ပြီး သွက်သွက်ဦးညွှတ် လိုက်ပြန်တယ်။

"ကျွန်တော် ထပ်ပြီးတောင်းပန်ပါတယ်ဗျာ"

ကျွန်မလည်း ခေါင်းယမ်းပြလိုက်ရပြန်တယ်။

'ဦးလေးနဲ့တူများ ဖြစ်နေကြမလား'

"ကျွန်မရဲ့ပရိသတ်လို့ ကြားရတာ ဝမ်းသာပါတယ်ရှင်"

ရိုးရိုးသားသားပြောရရင် ကျွန်မကို ပရိသတ်အနေနဲ့ အားပေးနေဆဲ လူတစ်ယောက်ယောက် ရှိမှရှိပါဦးမလားရယ်လို့ သူ့စကားကို မယုံမရဲနဲ့ပါ။

"ခင်ဗျားရဲ့လက်ရာတွေက ဇာတ်ကောင်တွေကို စိန်ခေါ်မှုတွေ အများကြီးနဲ့ ရင်ဆိုင်တွေ့ရတဲ့အချိန်မှာ အကောင်းဆုံး ရုန်းကန်ကြိုးစားနေ တဲ့ လူတွေ၊ လူတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ ကောင်းမွန်တဲ့ အသိတရားနဲ့ ပြည့် လျှမ်းနေတဲ့ လူတွေအဖြစ် သရုပ်ဖော်ပေးတယ်။ ကျွန်တော့်အနေနဲ့ ဘယ်လို မှ သဘောမကျဘဲ မနေနိုင်ဘူး"

သူ့လေသံ၊ သူ့ဟန်ပန်တွေက တကယ့်ကို အလေးအနက် ရှိလွန်းပါ တယ်။ ကိုယ့်ဘာသာကိုယ်တောင် ရှက်သွေးဖြာမိတယ်။ ကျွန်မရဲ့လက်ရာတွေ ကို သဘောကျတယ်လို့ ပြောတာက တကယ်စိတ်ရင်းအမှန်နဲ့ ပြောနေပုံပါပဲ။

"ဒါပေမဲ့ ရေးထားတဲ့ပုံစံက လုံးဝခေတ်မမီတော့ဘူးလေ၊ ဟုတ်တယ် မဟုတ်လား" ခေါင်းနောက်မှာ လက်နှစ်ဖက်ကိုယှက်ထားတဲ့ ကောင်လေးက ဝင်ပြောတယ်။ အမျိုးသားက သူ့ကို စိန်းစိန်းဝါးဝါး ကြည့်နေတာကို သတိ ထားမိတော့မှပဲ... "ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ တောင်းပန်ပါတယ်ဗျာ" လို့ ပခုံးတွန့်ပြီး ပြောလိုက်တယ်။

"ကောင်းပြီလေ၊ ကဲ သွားကြမယ်၊ မင်းလိုက်ခဲ့" ပြောပြောဆိုဆိုနဲ့ အမျိုးသားက ထရပ်တယ်။

"သွားမှာပေါ့" ကောင်လေးကလည်း ခုန်ထလိုက်တယ်။ "အဲ –မိဇ္ဇကိ၊ ခင်ဗျား အချိန်နဲ့တစ်ပြေးညီ လိုက်မီချင်ရင်တော့ ဒီနေရာကို သွားကြည့်သင့်


mgyoe.com

mgyoe.com
SAMPLE BOOK


တယ်။ ဒီည လပြည့်ညဆိုတော့ သူတို့ ဖွင့်ပါလိမ့်မယ်" သူက လုပ်ငန်းကတ်တစ်ခုကို ကျွန်မရှေ့မှာ လာချသွားတယ်။

ကတ်ပေါ်မှာ 'လပြည့်ည ကော်ဖီဆိုင်' ဆိုတဲ့စာလုံးကို ရိုက်ထားတယ်။ ပြီးတော့ အောက်မှာ လိပ်စာတစ်ခုလည်းပါတယ်။ 'နီဂျို-ခီယာမချိ လမ်းဆုံတောင်ဘက်' လို့ ကျိုတိုမြို့ရဲ့ လမ်းညွှန်နေကျပုံအတိုင်း မရေမရာ ရေးထားပါတယ်။ ဒီဟိုတယ်ကနေတော့ မဝေးပါဘူး။

"ဒီနားပတ်ဝန်းကျင်မှာ အဲဒီလိုကော်ဖီဆိုင်မျိုး ရှိတယ်လို့ ငါ မမှတ်မိပါလား" ကျွန်မ တီးတိုးရေရွတ်လိုက်မိတယ်။ သတိရလို့ မော့ကြည့်လိုက်တဲ့အချိန်မှာ နှစ်ယောက်သား ပျောက်ကွယ်သွားကြပြီ။ အခန်းထဲမှာ လိုက်ကြည့်သေးတယ်။ ဒါပေမဲ့ ဘယ်မှာမှ မတွေ့ရတော့ဘူး။

ပြတင်းပေါက်အပြင်ကိုကြည့်လိုက်တယ်။ မှောင်တောင် မှောင်နေပါပြီ။

"အချိန်နဲ့ တစ်ပြေးညီ လိုက်မမီဖို့တဲ့၊ ဘာပါလိမ့်"

နာမည်မှာ ပါတဲ့အတိုင်းဆိုရင်တော့ ကော်ဖီဆိုင်တစ်ဆိုင်ပဲ ဖြစ်ရမယ်။

"အဲဒီမှာ သူတို့ ငါ့ကို တစ်ခုခု သင်ကြားပေးနိုင်မှာလား။ အဲဒီအတွက် သောက်စရာဖိုး ပေးပြီးတဲ့အပြင် အပိုကြေး ထပ်တောင်းဦးမှာလား။ တကယ်လို့ အရမ်းဈေးကြီးနေရင်ကော ဘယ့်နှယ်လုပ်မလဲ"

ဆိုပြီး ကျွန်မ စဉ်းစားနေမိတယ်။

ကောင်လေးရဲ့မျက်နှာက ကျွန်မအာရုံမှာ ဖျတ်ခနဲပေါ် လာတယ်။ သူ့ရဲ့ စူးစူးတောက်တောက် အသွင်အပြင်မှာ မသက်သာစရာတစ်ခုခု ရှိနေသလိုပဲ။ ဘာလို့မှန်းမသိ၊ ပေါ့ပေါ့ပါးပါး ဖြစ်နေတဲ့ပုံစံကြီးကိုတော့ ထည့်ပြောဖို့တောင် မလိုဘူး။


အိမ်ကိုပြန်တာပဲ ကောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါက တကယ်ပဲ ကော်ဖီဆိုင်တစ်ဆိုင်ပဲဆိုရင်တောင် ကျွန်မ ပိုက်ဆံ အပိုအကုန်မခံနိုင်ဘူးလေ။

ထိုင်ရာကနေ လေးလေးကန်ကန် ထလိုက်ပြီး အပြင်ကို ထွက်လာခဲ့ပါတယ်။

***


mgyoe.com

mgyoe.com SAMPLE BOOK



[၃]

ဟိုတယ်ကနေ အနီးဆုံးကားမှတ်တိုင်၊ ဒါမှမဟုတ် ဘူတာရုံကိုက မဝေးလှပါဘူး။ ဒါပေမဲ့ စိတ်ထဲမှာ အိမ်ကို တန်းတန်းမတ်မတ် မပြန်ချင်သလို ဖြစ်နေတယ်။ ကျွန်မ ခြေလှမ်းတွေက ခီယာမချိလမ်းဘက်ကို ဦးတည်နေကြတယ်။

ဒီနေရာဟာ ကျိုတိုမြို့ရဲ့ အချက်အချာနေရာပါ။ ပတ်ဝန်းကျင်မှာ လူအမြောက်အမြား သွားလာလှုပ်ရှားနေကြတယ်။ ဒါပေမဲ့ နွေဦးအားလပ်ရက် ညနေခင်းတစ်ခုအတွက်ဆိုရင်တော့ ဝန်းကျင်တစ်ခုလုံး အံ့ဩစရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

ခီယာမချိလမ်းကို ရောက်လာတော့ ကျွန်မ ရပ်လိုက်တယ်။ မြောက်ဘက်ကိုဆက်သွားရင် ဟိုကောင်လေးပြောခဲ့တဲ့ ကော်ဖီဆိုင်ကို တွေ့ရမှာပေါ့။

"ဘယ်လိုပုံစံမျိုးလဲဆိုတာကို အပြင်ကနေ ကြည့်ရင်လည်း ရတာပဲ"

ဒီရင်တွင်းအသံကို အလျှော့ပေးလိုက်ပြီး လမ်းအတိုင်းဆက်လျှောက်လာခဲ့တယ်။ ကျွန်မရဲ့ ညာဘက်ခြမ်းမှာက အိုဟောင်းနေတဲ့ ရိုးရာအိမ်တွေ



mgyoe.com

mgyoe.com
SAMPLE BOOK


အတန်းလိုက်ရှိနေပြီး ဘယ်ဘက်ခြမ်းမှာတော့ တာကဆဲမြစ်ဟာ တတွေတွေ စီးဆင်းလို့နေတယ်။

'အိချိနို ဖုန်အိရိ' ဆိုတဲ့စာလုံးကို ရေးထွင်းထားတဲ့ တံတားတစ်စင်း မြင်ကွင်းထဲကို ရောက်လာတယ်။

ခတကေအရက်စည်ပိုင်းတွေ အပြည့်တင်ထားတဲ့ လှေတစ်စီးဟာ တူးမြောင်းရေပြင်ပေါ်မှာ မြင့်ချည်နိမ့်ချည် လှုပ်ရှားလို့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀ လောက်က ကြွယ်ဝချမ်းသာတဲ့ ကုန်သည်တစ်ယောက်ဟာ နီဂျိုရဲတိုက်နဲ့ ဖူရှိမိရပ်ကွက်တို့ကို ဆက်သွယ်ပြီး တူးမြောင်းတစ်ခု ဖောက်ခဲ့တယ်။ ကုန်တင်ကုန်ချလုပ်ဖို့အတွက် ကြားဆိပ်ကမ်းကိုးခုပါ အပါအဝင်ပေါ့။ ဒါက အဲဒီဆိပ်ကမ်းတွေထဲက တစ်ခုပါ။ တံတားမှာ ထွင်းထားတဲ့ အမည်က 'ပထမဆုံးဆိပ်ကမ်း' လို့ အဓိပ္ပာယ်ရပါတယ်။ ကျွန်မ လှမ်းမြင်နေရတဲ့ လှေဟာ အဲဒီခေတ်က ပုံစံအတိုင်း ပုံတူပြုလုပ်ထားတဲ့ လှေတစ်စီးပါ။ ချယ်ရီပန်းပွင့်ဖတ်ကလေးတွေက တံတားနဲ့ လှေဝန်းကျင်မှာ တလွင့်လွင့် ကြွေနေတယ်။ အတော်ကလေး ဖမ်းစားနိုင်တဲ့ မြင်ကွင်းပါပဲ။

"ကျိုတိုဟာ တကယ့်ကို ထူးခြားလှပတဲ့နေရာပါလား" လို့ တွေးလိုက်မိတယ်။

ကျွန်မက ဟီရိုရှီးမားက ဖြစ်ပါတယ်။ ဒီကို ပထမဆုံးရောက်ဖူးတာက မူလတန်းမှာ ကျောင်းကထွက်တဲ့ခရီးကို လိုက်ပါရင်း ရောက်ခဲ့တာပါ။ ကျွန်မ ကျိုတိုမြို့ကို သိပ်သဘောကျသွားခဲ့ပါတယ်။ နောက်တော့ ကျွန်မမိဘတွေကို ဒီမှာ တက္ကသိုလ်တက်ခွင့်ပေးဖို့ တောင်းတောင်းပန်ပန်နဲ့ ပြောခဲ့ရတာပေါ့။ အဲဒီအချိန်တွေတုန်းကတော့ အရာရာဟာ ပန်းခင်းလမ်းကို လျှောက်နေရသလိုပါပဲလေ။

အခုချိန်မှာတော့ ဒါတွေအားလုံးဟာ ဝေးကွာလှတဲ့ အတိတ်က အိပ်မက်တစ်ခုနဲ့ တူနေတယ်။

လျှောက်ရင်း လျှောက်ရင်းနဲ့ ဆိုင်းဘုတ်တစ်ခုကို ကျွန်မ သတိပြုမိပါတယ်။

'လပြည့်ည ကော်ဖီဆိုင်'


mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုင်နာမည်နဲ့ လမ်းညွှန်မြားတစ်ခုတို့ပါဝင်တဲ့ ဆိုင်းဘုတ်ကလေးပါ။ မြင်ကွင်းကိုကြည့်ရင်း ပင့်သက်ကို ရှိုက်လိုက်မိတယ်။

"ဒါဆိုရင် တကယ်ရှိတာပေါ့. . ."

မြားဟာ ကျဉ်းမြောင်းရှည်လျားတဲ့ လမ်းကြားလေးတစ်ခုဆီကို စိုက်ဆင်း ညွှန်ပြထားတယ်။ မြေပြင်တစ်လျှောက်မှာ ဖယောင်းတိုင်တွေကို တစ်တိုင်နဲ့တစ်တိုင် ခပ်ခြားခြားထွန်းညှိထားတယ်။ တကယ်ကို အိပ်မက်ဆန်တဲ့ မြင်ကွင်းတစ်ခုပါပဲ။

ဒီနေရာက ဘယ်လိုနေရာမျိုးပါလိမ့်။ သိချင်စိတ်က ကျွန်မအပေါ် အနိုင်ယူစ ပြုလာပါတယ်။

ကျွန်မက စပ်စပ်စုစုနိုင်တဲ့ လူစားထဲမှာ ပါပါတယ်။ ဇာတ်ညွှန်းတွေ ရေးတဲ့အခါ ရေးသားဖို့ အချိန်ပေးသလောက်ကို အပြင်ကို ထွက်ပြီး အကြောင်းအရာကို သုတေသနပြုဖို့အတွက် အချိန်ပေးပါတယ်။ ဒီလို စွန့်စားဖွေရှာရတာမျိုးက ဘယ်လောက်အထိ ရင်ဖိုစိတ်လှုပ်ရှားစေတယ်ဆိုတာကို ကျွန်မ မေ့လျော့နေခဲ့ပုံပါပဲ။

ကျွန်မဟာ ရင်တဖိုဖိုနဲ့ လမ်းကြားလေးအတိုင်း ဆင်းလျှောက်လာလိုက်တာ ဥမင်နဲ့တူတဲ့ ဝင်ပေါက်တစ်ခုကို ရောက်လာပါတယ်။ အဲဒီဝင်ပေါက်ကနေ ငုံ့ဝင်လိုက်တယ်ဆိုရင်ပဲ ကျွန်မဟာ အပြောကျယ်တဲ့ ခါမိုမြစ်ရဲ့ ကမ်းပါးပေါ် ကို ရောက်နေတာပါလားလို့ သိလိုက်ရတယ်။

အပေါ် ကိုမော့ပြီး ပြည့်ဝန်းနေတဲ့လကို ကြည့်လိုက်တယ်။ လရောင်ဟာ ချယ်ရီပန်းပင်တွေကို ဝင်းလက်တောက်ပနေစေတယ်။ အရှိန်ပြင်းပြင်း စီးဆင်းနေတဲ့ မြစ်ဟာ လရောင်အောက်မှာ ဖိတ်ဖိတ်လက်လို့။

မြစ်အောက်ဘက်ကို လိုက်ကြည့်လိုက်တော့ ဝိုင်းစက်နေတဲ့ လရဲ့ အောက်မှာ ထီးတည်းတည်ရှိနေတဲ့ ရထားတွဲတစ်တွဲကို တွေ့လိုက်ရပါတယ်။ မျက်လုံးကို မှေးစင်းပြီး အသေအချာကြည့်တော့မှ ရထားတွဲဆိုတာထက် ဘတ်စ်ကား၊ ဒါမှမဟုတ် ထရပ်ကားငယ်တစ်စီးနဲ့ ပိုတူနေတာကို သိလိုက်ရတယ်။ သူ့မှာ ပြတင်းပေါက်နှစ်ပေါက်ပါပြီး ပြတင်းပေါက် တစ်ပေါက်စီရဲ့ အရှေ့မှာ လူတစ်ယောက် ထိုင်စားသာရုံလောက်ရှိမယ့် ကောင်တာငယ်

mgyoe.com

mgyoe.com


တစ်ခုစီ ထုတ်ပေးထားတာပါ။ ထရပ်ကားကနေ မီးလုံးတစ်လုံးကို လပြည့်ဝန်းနဲ့ တူအောင် ဖန်တီးပြီး ချိတ်ဆွဲထားတယ်။ အရှေ့ဘက်မှာတော့ 'လပြည့်ည ကော်ဖီဆိုင်' ဆိုတဲ့ ဆိုင်းဘုတ်ကို ကျွန်မ တွေ့လိုက်ရပါတယ်။

ဒီလိုနာမည်မျိုးနဲ့ဆိုရင် ဆိုင်ပုံစံကလည်း ရှေးကျကျ ခေတ်ဟောင်းပုံစံမျိုးဖြစ်မှာပဲလို့ စိတ်ထဲမှာ မျှော်လင့်ထားပေမဲ့ ခေတ်ဆန်ဆန် pop-up cafe[၁] တစ်ခုနဲ့ ပိုတူနေပါတယ်။ မည်းမှောင်တဲ့ မြစ်ကမ်းပါးကို နောက်ခံထားပြီး ဖျော့တော့တဲ့ မီးရောင်လေးတွေ ထွန်းလင်းလို့နေတယ်။

ကျွန်မ မြင်သရွေ့တော့ အတွင်းပိုင်းမှာ ထိုင်စရာနေရာ ခင်းကျင်းမထားပါဘူး။ ထရပ်ကားရဲ့ရှေ့မှာ စားပွဲ၊ ကုလားထိုင် သုံးစုံကိုပဲ ချခင်းထားတယ်။

ကုလားထိုင်တစ်လုံးပေါ်မှာက မွေးပွယုန်ရုပ်တစ်ရုပ် ရှိနေတယ်။ နေရာဦးထားတဲ့သဘောလား မသိဘူး။ ယုန်ရဲ့အရှေ့မှာ ကော်ဖီခွက်တစ်ခွက်ကို ချထားတယ်။ စားပွဲပေါ်မှာ မီးအိမ်တစ်လုံးက မှိတ်တုတ်မှိတ်တုတ် လင်းလို့။

"မင်္ဂလာပါ၊ အဆင်ပြေတဲ့နေရာမှာ ဝင်ထိုင်လို့ရပါတယ်" ထရပ်ကားထဲက လူတစ်ယောက်ရဲ့အသံ ထွက်လာတယ်။ တည်ငြိမ်ပြီး နူးညံ့သိမ်မွေ့တဲ့ အသံမျိုးပါ။ ဒါပေမဲ့ လူကိုတော့ မမြင်ရပါဘူး။

ကျွန်မကို စကားပြောတဲ့လူ မြင်ရပါ့မလားတော့ မသိပေမဲ့ ဦးညွတ်အရိုအသေပေးလိုက်ပြီး လွတ်နေတဲ့ စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။

ခါမိုမြစ်ကမ်းပေါ်မှာ ဒီလိုနှစ်လိုဖွယ်ကောင်းတဲ့ ကော်ဖီဆိုင်မျိုး ရှိတယ်ဆိုတာ ကျွန်မ မသိခဲ့ပါဘူး။ ဟိုကောင်လေးကတော့ လပြည့်ညမို့လို့ ဖွင့်တာဆိုလား ပြောခဲ့တာပဲ။ အဲဒီလိုဆိုရင်တော့ ဒီနေရာမှာ ယာယီလာဖွင့်တာပဲဖြစ်ရမယ်။ လာကြည့်လိုက်မိတာ မှန်သွားတယ်။

လက်ဖဝါးနှစ်ဖက်ပေါ် မေးထောက်ပြီး ခဏလောက် ဒီအတိုင်း ထိုင်နေမိတယ်။ နောက်တော့မှ အပေါ်ကို မော့ကြည့်လိုက်မိတော့ ကျွန်မ ရင်သပ်

---

၁။ မိမိဖန်တီးထားသည့် အစားအသောက်တစ်မျိုးမျိုးတို့ကို မိတ်ဆက်ရန် ရည်ရွယ်၍ နေရာ ပုံသေမထားဘဲ ယာယီဖွင့်လေ့ရှိသော ဆိုင်ငယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


ရှုမောသွားရပါတယ်။

ကောင်းကင်တစ်ပြင်လုံး ကြယ်တွေကို ဖွေးဖွေးလှုပ်လို့။ မည်းမှောင်တဲ့ အာကာပြင်မှာ နဂါးငွေ့တန်းကြီး ဝေ့လည်နေပုံက အထင်းသားမို့ ဂျပန်မှာ နောက်ထပ် ဘယ်တော့မှ မတွေ့ရလောက်တဲ့ ပြိုးပြက်ဝင်းလက်လှတဲ့ ညကောင်းကင်မျိုးပါ။ နက္ခတ်တာရာပြခန်းတစ်ခုကို ရောက်နေသလိုပါပဲလေ။

"လှလိုက်တာ" တအံ့တသြ ကြည့်မောနေရင်းနဲ့ ကျွန်မ ညည်းတွားလိုက်မိတာပါ။

"ဒီကကော်ဖီက ကောင်းတယ်နော်၊ ဟုတ်တယ်မဟုတ်လား" ကျွန်မအနောက်မှာရှိတဲ့ စားပွဲကလာတဲ့အသံပါ။ အံ့သြမှုနဲ့အတူ ကိုယ်ကိုလိမ်ပြီး လှည့်ကြည့်လိုက်တယ်။

အသံဟာ စောစောက မွေးပွယုန်ရုပ်ထိုင်နေတဲ့ ထိုင်ခုံက လာတာပါ။ အခုကျတော့ အသက်ကြီးကြီး လူကြီးမင်းတစ်ယောက် ဝင်ထိုင်နေပါတယ်။ သူဟာ ဆန်းဆန်းပြားပြား ညစာစားပွဲတစ်ခုကို တက်ရောက်မယ့်အလား အနက်ရောင် နောက်မြီးကွဲ ကုတ်အင်္ကျီကို ဝတ်ဆင်ထားတယ်။

"သူက ဘယ်တုန်းက ရောက်လာတာပါလိမ့်"

သူက နောက်ဆုံးကျန်တဲ့ ကော်ဖီအနည်းငယ်ကို အရသာခံသောက်နေပြီးတော့မှ ဖြည်းဖြည်းလေးလေး ထရပ်ပြီး ခွက်ကို ထရပ်ကားဆီ ပြန်ထားလိုက်တယ်။

"ကျေးဇူးပဲကွာ၊ ကော်ဖီကတော့ ထုံးစံအတိုင်း လက်ရာကောင်းတုန်းပဲဟေ့"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အသက်ကြီးကြီး လူကြီးမင်းက ရှေ့က ကွယ်ရပ်နေတာရယ်၊ ကော်ဖီဆိုင်ကနေ အလင်းရောင်စူးစူးဖြာကျနေတဲ့ ပုံစံအရရယ် ကျွန်မမှာ ဒီနေရာကို ဦးစီးလုပ်ကိုင်နေတယ်လို့ ထင်ရတဲ့လူကို အခုထိ မမြင်ရသေးပါဘူး။

အဲဒီလူကြီးမင်းဟာ ကျွန်မရှိရာကို လှစ်ခနဲပြုံးပြဖို့ ခဏလောက်တန့်သွားပြီးတော့မှ ကြော့ကြော့မော့မော့နဲ့ ထွက်ခွာသွားပါတယ်။ ဘေးကဖြတ်သွားတဲ့အချိန်မှာတော့ ကျွန်မကို တစ်ခုခု တီးတိုးပြောသွားသလိုပါပဲ။


mgyoe.com

mgyoe.com


သူ ဘာကိုဆိုလိုချင်တာလဲဆိုတာကို မေးဖို့ လိုက်အကြည့်မှာ ကျွန်မ မြင်လိုက်ရတဲ့မြင်ကွင်းက ကျွန်မကို အာစေးမိထားသလို ဖြစ်သွားစေပါတယ်။ အမျိုးသားကြီးဟာ... ယုန်တစ်ကောင်အဖြစ် ပြောင်းလဲသွားတာပါ။ ပြီးတော့ မြစ်ကမ်းတစ်လျှောက် ခြေနှစ်ချောင်းပေါ်မှာ လမ်းလျှောက်ပြီး သူ့လမ်းသူ ဆက်သွားနေတာလေ။

"ဟင်. . . အလိုလေး"

ကျွန်မမျက်လုံးတွေကို ပွတ်သပ်ပြီး နောက်တစ်ခေါက် ပြန်ကြည့်တယ်။

"ငါပဲ မဟုတ်ကဟုတ်ကတွေ မြင်နေတာလား"

စိတ်ရှုပ်ရှုပ်နဲ့ ငေးကြည့်နေတုန်းမှာပဲ နူးညံ့သိမ်မွေ့တဲ့အသံကို နောက်တစ်ကြိမ် ထပ်ကြားလိုက်ရတယ်။

"စောင့်လိုက်ရတဲ့အတွက် အားနာပါတယ်"

ကျွန်မ လှည့်ကြည့်လိုက်တယ်။ ကျွန်မဟာ လိပ်ခွံရောင်ရှိတဲ့ ရောမကြောင်ကြီး[၁] တစ်ကောင်နဲ့ မျက်နှာချင်းဆိုင်မိသွားပါတယ်။ သူဟာ လင်ပန်းတစ်ချပ်ကို ကိုင်ပြီး ကျွန်မရှိရာဘက်ကို လျှောက်လာတာပါ။

"ဟယ်. . . ဘယ်လို. . ."

ကျွန်မ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေမိပါတယ်။ သတ္တဝါကြီးဟာ နှစ်မီတာလောက်မြင့်မယ် ထင်ပါတယ်။ ခြေနှစ်ချောင်းထောက် ရပ်နေပြီး အပြာရောင်ရင့်ရင့် ရှေ့ဖုံးခါးစည်းကို ဝတ်ထားတယ်။ မျက်နှာက ဝိုင်းစက်ပြီး ပြူးနေတဲ့ မျက်လုံးတွေကတော့ လခြမ်းကွေးလေးနဲ့တောင် တူနေသေးတော့တယ်။

ကြောင်က စကားပြောတယ်။

ကြောင်က လင်ပန်းကို ကိုင်လာတယ်။

အဲဒါတွေထက် ကြောင်က ရောမကြီး ဖြစ်နေတယ်။

ဒါမှမဟုတ် အစစ်နဲ့တူအောင် ချုပ်ထားတဲ့ တိရစ္ဆာန်ပုံဝတ်စုံကို

---

၁။ Tortoiseshell Cat- လိပ်ခွံကဲ့သို့ အညို၊ အမည်းရောင်များ စပ်ကြားထားသည့် ကြောင်တစ်မျိုး။


mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ယောက်ယောက်က ဝတ်ထားတာများလား။ မြင်နေရတဲ့မြင်ကွင်းကို နားလည်နိုင်အောင် ကြိုးစားရင်း ကျွန်မ မျက်လုံးနှစ်လုံးဟာ လင်းကွင်းလောက် ပြူးကျယ်လာတယ်လို့ ထင်မိပါတယ်။

ကြောင်ကြီးရဲ့အမွေးဟာ ထူအိပွနေတာပါပဲ။ ပွေ့ဖက်ထားလိုက်ရရင် ဘယ်လောက်များ ဇိမ်ကျမလဲလို့ ဖျတ်ခနဲ တွေးမိပါရဲ့။ ကျွန်မပါးစပ်က ရှေငါးတစ်ကောင် လေကို အငမ်းမရရှူသလိုမျိုး ဟထားမိရာက ဘာအသံမှ မထွက်တော့ဘဲ ပြန်ပိတ်သွားပါတယ်။ ပြောစရာစကားလည်း မရှိတော့ပါဘူး။

ကြောင်က ပြုံးလိုက်တယ်။ သူ့ကိုကြည့်ရတာ အံ့သြဘနန်းဖြစ်နေတဲ့ ကျွန်မပုံစံကို လုံးဝ နားလည်လက်ခံပေးနိုင်တယ်ဆိုတဲ့ ပုံမျိုးနဲ့ပါ။ "ဒီကို ဝင်လာလည်တဲ့အတွက် ကျေးဇူးပါပဲဗျာ။ ဒါတွေအားလုံးကြောင့် အထိတ်တလန့် ဖြစ်သွားရတယ်ဆိုရင်တော့ တောင်းပန်ပါတယ်"

ကိစ္စမရှိပါဘူးလို့ မရေမရာ တုံ့ပြန်တဲ့အနေနဲ့ ကျွန်မ ခေါင်းကို မသိမသာ ယမ်းလိုက်တယ်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ လပြည့်ညကော်ဖီဆိုင်ကနေ ကြိုဆိုပါတယ်" စားပွဲပေါ် ကို ဖန်ခွက်တစ်ခွက် ချပေးရင်းနဲ့ သူက ပြောလိုက်တယ်။

ကျွန်မ ကျေးဇူးတင်စကားကို ခပ်တိုးတိုးပြောလိုက်ပြီး ဖန်ခွက်ကို စိုက်ကြည့်လိုက်တယ်။ ခွက်က ခပ်သေးသေးနဲ့ ခုံးကော့ကော့လေး။ အထဲမှာ ရေခဲတုံးသုံးတုံးနဲ့ ရေထည့်ထားတယ်။ ဖန်ခွက်ကို စားပွဲပေါ် တင်လိုက်ခြင်းရဲ့ ညင်သာတဲ့ သက်ရောက်မှုအနေနဲ့ ရေမျက်နှာပြင်ပေါ် ကို ရွှေမှုန်ကလေးတွေနဲ့ တူတဲ့ တလက်လက်ဖြစ်နေတဲ့ အမှုန်ကလေးတွေ တက်လာတယ်။ ဘာမှန်း မသိတာကြောင့် ကိုယ်ကိုကိုင်းပြီး အနီးကပ်ကြည့်လိုက်တော့ ရွှေရောင်အမှုန်ကလေးတွေဟာ ပျောက်ကွယ်သွားပါပြီ။

စိတ်ငြိမ်သွားအောင်လို့ ရေကို အားရပါးရ မော့ချလိုက်ပါတယ်။ ကျွန်မ သောက်ဖူးသမျှ ရေတွေထဲမှာ အသန့်စင်ဆုံးလို့ထင်ရတဲ့ အရသာမျိုးကို ရလိုက်တယ်။ လည်မျိုထဲကနေ စီးဆင်းသွားတဲ့အချိန်မှာ ခန္ဓာကိုယ်တစ်ခုလုံးဆီ ပျံ့နှံ့သွားပြီး အသွေးအသားထဲကို တိုက်ရိုက်ပျော်ဝင်လာသလို


mgyoe.com

mgyoe.com


ပါပဲ။

ရေခဲတွေက ဖန်ခွက်ထဲမှာ တချင်ချင်မြည်ပြီး ကျန်ခဲ့တယ်။ နွေဦး ညနေခင်းတစ်ခုဆိုပေမဲ့ လေထုထဲမှာ အအေးဓာတ်က ရှိနေဆဲပါ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ အခု ကျွန်မ သိပ်ကိုနွေးထွေးနေပါတယ်။

ရေခဲရေက ကျွန်မကို နည်းနည်းတည်ငြိမ်သွားအောင် လုပ်နိုင်လိုက်ပုံ ပေါ်ပါတယ်။

"ဒါနဲ့ ဒီနေရာကို ကျုပ်က ဦးစီးပြီးဖွင့်ထားတာပါ။ စောစောက ကျုပ်ရဲ့စားပွဲထိုး ရိုင်းပျခဲ့တာတွေအတွက် တောင်းပန်ပါတယ်"

ကျွန်မ ခေါင်းကို တစ်ဖက်စောင်းလိုက်တယ်။ "ရှင့်ရဲ့စားပွဲထိုး... ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီနေရာအကြောင်း သူ ခင်ဗျားကို ပြောလိုက်တာ နေမယ်"

ဒီအချိန်မှာပဲ တခြားကြောင်နှစ်ကောင် ပေါ်လာပြီး စားပွဲပေါ် ကို ခုန်တက်လိုက်ပါတယ်။ ဒီနှစ်ကောင်ကတော့ ပုံမှန်အရွယ်အစားပဲ ရှိတာမို့လို့ တော်သေးတာပေ့ါ။ တစ်ကောင်က နားရွက်ကြီးကြီး၊ ခန္ဓာကိုယ်သွယ်သွယ်နဲ့ နိုင်ငံရပ်ခြားကလာတဲ့ အသွင်အပြင်မျိုး မသိမသာရှိတယ်။ ကြောင်အမျိုးအစားတွေကို ကျွန်မ ကောင်းကောင်းသိပါတယ်။ ဒါကတော့ စင်ကာပူကြောင်[၁]ပါ။ နောက်တစ်ကောင်ကတော့ အဖြူနဲ့အမည်း စပ်ထားတဲ့ တာ့ခ်ဆီဒိုကြောင် ဖြစ်ပါတယ်။ စင်ကာပူကြောင်ရဲ့ ပြူးကျယ်ဝိုင်းစက်တဲ့ မျက်လုံးတွေဟာ လှပတဲ့ အစိမ်းရောင်ရှိပြီး တာ့ခ်ဆီဒိုရဲ့ မျက်လုံးတွေကတော့ ခပ်ကျဉ်းကျဉ်းနဲ့ မျက်ဝန်းထောင့်မှာ အပေါ်ဘက်ကို နည်းနည်းတက်သွားတဲ့ မီးခိုးရောင်မျက်လုံးတွေပါ။

"ဟော မိဇုကို၊ ခင်ဗျား လာသားပဲ" လို့ စင်ကာပူကြောင်က ပြောတယ်။

---

၁။ Singapura Cat = စင်ကာပူနိုင်ငံပေါက် အရွယ်အစားသေးငယ်သော ကြောင်တစ်မျိုး။


mgyoe.com

mgyoe.com
SAMPLE BOOK


ရောမကြောင်တစ်ကောင်က စကားပြောတာကို မြင်ပြီးသွားပြီဆိုတော့ သာမန်ကြောင်တစ်ကောင် စကားပြောတာကို မြင်ရတာက အထင်ကြီးစရာ နည်းနည်းတော့ လျော့သွားတာပေါ့။ ဒါပေမဲ့ အံ့အားသင့်စရာ ကောင်းနေဆဲပါပဲ။

"နေပါဦး၊ ခင်ဗျားက..."

တာ့ခ်ဆိဒိုကြောင်ဟာ ခဏတော့ ကျွန်မအကြောင်းကို စဉ်းစားနေပုံပါပဲ။ ပြီးတော့မှ ဦးညွတ်နှုတ်ဆက်လိုက်ပါတယ်။

"မစ္စဆယ်ရီကဝ... စောစောက ကိစ္စအတွက် တောင်းပန်ပါတယ်ဗျာ"

နှစ်ကောင်သားဟာ ကော်ဖီဆိုင်မှာ ကျွန်မ တွေ့ခဲ့တဲ့ ကောင်ကလေးရယ်၊ အမျိုးသားရယ်နဲ့ အတော်ကလေး ဆင်နေတာပါ။

"ရှင်တို့က... ကျွန်မနဲ့ စောစောကတွေ့ခဲ့တဲ့လူတွေလား"

ကျွန်မမျက်လုံးတွေ ဒီ့ထက်ပိုပြီး မပြူးကျယ်နိုင်တော့ပါဘူး။ "ရှင်တို့က ဘာတွေလဲ၊ မကောင်းဆိုးဝါးတွေလား၊ ဘာတွေလား"

ကြောင်သုံးကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ကြည့်လိုက်ကြပြီး ခွက်ထိုးခွက်လန် ရယ်ကြတယ်။

"ကျွန်တော်တို့ဟာ လူသားတွေအဖြစ် မကြာခဏ အသွင်ပြောင်းလေ့ရှိတယ်။ ဒါပေမဲ့ မကောင်းဆိုးဝါးတော့ လုံးဝမဟုတ်ရပါဘူးဗျာ" လို့ တာ့ခ်ဆိဒိုကြောင်[၁] က ပြောပါတယ်။

"အင်းလေဗျာ၊ ဒါတော့ နည်းနည်းလွန်တာပေါ့" တဲ့ စင်ကာပူကြောင်က ဝင်ပြောတယ်။ ကျွန်မရဲ့ ဟန်အမူအရာက တောင့်တင်းတင်းဖြစ်နေမှာကို သိလိုက်တယ်။

"တောင်းပန်ပါတယ်" လို့ ကျွန်မ ကတိုက်ကရိုက် ပြောလိုက်ရတယ်။ "ဒါဆိုရင် ဒီနေရာက... ကြောင်တွေအတွက်လား" ပင့်သက်ကိုရှိုက်ရင်း မေးကြည့်လိုက်တယ်။

"ကြောင်တွေအတွက် ကော်ဖီဆိုင်တဲ့လား"

---

၁။ Tuxedo Cat = အမျိုးသားပွဲတက်ဝတ်စုံနှင့်ဆင်တူသော ရင်ဝမ်းဖြူ၊ ကိုယ်လုံးအမည်းရောင်ရှိသည့် ကြောင်တစ်မျိုး။


mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်လိုမှ ဖြစ်နိုင်ခြေမရှိတဲ့ နတ်သမီးပုံပြင်တစ်ပုဒ်ထဲကို ကျွန်မ ရောက်နေတာပါ။ ကျွန်မ အိပ်ပျော်သွားတာများလား။ ဆိုလိုတာက ဒီလို ကိစ္စမျိုးတွေဆိုတာ အိပ်မက်တွေထဲမှာပဲ ဖြစ်လေ့ရှိတာလေ။ ဟုတ်တယ်၊ ဒါအိပ်မက်ပဲဖြစ်ရမယ်။ ကိုယ့်ကိုယ်ကိုယ် အဲဒီအတိုင်း လက်ခံသွားအောင် လုပ်ပြီးတော့မှပဲ နည်းနည်းစိတ်အေးနိုင်တော့တယ်။

ကျွန်မရဲ့မေးခွန်းကို တုံ့ပြန်တဲ့သဘောနဲ့ကြောင်သုံးကောင်ဟာ အကြည့်ချင်း ဖလှယ်လိုက်ကြတယ်။ ပြီးမှ မရေမရာနဲ့ ခေါင်းညိတ်လိုက်ကြတယ်။

"ဟုတ်ကဲ့၊ ဆိုပါတော့" လို့ တာ့ခ်ဆီဒိုကြောင်က ပြောတယ်။

"ဒါကလည်း ကျွန်တော်တို့ရဲ့ ပုံစံအစစ်အမှန်မဟုတ်..." စင်ကာပူကြောင်က သူ့နားရွက်နောက်ကို ကုတ်ရင်း ဆက်ပြောတော့မယ့်ဆဲဆဲမှာပဲ တာ့ခ်ဆီဒိုကြောင်က ချောင်းအကျယ်ကြီး ဟန့်လိုက်တယ်။ စင်ကာပူကြောင်ဟာ ပါးစပ်ကို လက်ဖဝါးနဲ့ ကမန်းကတန်း ပိတ်လိုက်လေရဲ့။

"လပြည့်ညကော်ဖီဆိုင်မှာ နေရာအတည်တကျမရှိဘူး" လို့ ကော်ဖီဆိုင်ပိုင်ရှင်က ဝင်ပြောလိုက်ပါတယ်။ "အကျွမ်းတဝင်ရှိပြီးသား ဈေးလမ်းတစ်လမ်းရဲ့အလယ်မှာလည်း ပေါ်လာနိုင်တယ်။ ရထားလမ်းဆုံးက ဘူတာတစ်ခုမှာ၊ ဒါမှမဟုတ် အေးချမ်းတိတ်ဆိတ်တဲ့ မြစ်ကမ်းပါးတစ်ခုပေါ်မှာလည်း ပေါ်လာနိုင်တယ်။ ပြီးတော့ ဒီဆိုင်မှာက စားသုံးသူဆီက အမှာကို မကောက်ပါဘူး" သူက လက်တစ်ဖက်ကို ရင်ဘတ်ပေါ် ယှက်တင်ပြီး ဟိတ်ဟန်အပြည့်နဲ့ ဦးညွှတ်လိုက်တယ်။

"ဒါဆိုရင် ကျွန်မက မီနူးကနေ ရွေးလို့မရဘူးလို့ ပြောတာလား"

"ဟုတ်ပါတယ်" လို့ လိပ်ခွံကြောင်က ခေါင်းညိတ်အဖြေပေးတယ်။

"စောစောက လူကြီးမင်းက အခုလေးတင် ကော်ဖီတစ်ခွက် သောက်သွားတာလေ။ သူ ကော်ဖီမမှာခဲ့ဘူးလို့ ဆိုလိုချင်တာလား"

"မှန်ပါတယ်ဗျာ"

"အင်း ဒါကတော့... ကျွန်မက ကိုယ့်ဘာသာကိုယ်မှာဖို့ စဉ်းစားထားတာ"

ဆိုင်ပိုင်ရှင်က အားတုံ့အားနာ ပြုံးတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


"ကျုပ်တို့က ဘဝမှာ အကောင်းအဆိုး လောကဓံနှစ်မျိုးစလုံးနဲ့ကြုံဖူးပြီး အနိမ့်အမြင့်၊ အတက်အကျတွေအားလုံးကို ဖြတ်သန်းလာခဲ့တဲ့ လူတွေကိုသာ ကော်ဖီနဲ့ တည်ခင်းလေ့ရှိတာဗျ။ အားတော့နာပါရဲ့၊ ခင်ဗျားလို ငယ်ရွယ်တဲ့လူမျိုးကိုတော့ ကော်ဖီနဲ့ ဧည့်မခံနိုင်ပါဘူး" လို့ပြောရင်း သူက ခစ်ခနဲရယ်တယ်။

"ငယ်တယ်၊ ဟုတ်လား။ ကျွန်မအသက် ၄၀ ရှိပြီရှင့်"

"နက္ခတ်ဗေဒပညာအရ ပြောတာပါ။ ခင်ဗျားက အင်္ဂါဂြိုဟ် သက်ရောက်အဆင့်မှာပဲ ရှိသေးတယ်လေ။ ပယ်တယ်လို့ ဆိုရမှာပေါ့"

"အို... အင်္ဂါဂြိုဟ် သက်ရောက်အဆင့် ဟုတ်လား၊ ကျွန်မ ဇဝေဇဝါနဲ့ သက်ပြင်းချလိုက်တယ်။

"ခင်ဗျား ကျုပ်တို့ နေအဖွဲ့ အစည်းထဲက ဂြိုဟ်တွေနဲ့တော့ အကျွမ်းတဝင်ရှိမှာပေါ့။ အခု ကျုပ်တို့နေတဲ့ဂြိုဟ်အပြင်ပေါ့လေ"

"အင်း... ဒါပေါ့" ကျွန်မ ခေါင်းညိတ်လိုက်တယ်။ ကျွန်မတို့ကျောင်းမှာသုံးခဲ့တဲ့ မှတ်ဉာဏ်ကူလင်္ကာတောင် ရှိသေး။ ဆို–ကင်–ချီက–မိုကု–ဒို–ဒန်း–ခါရိ–မဲ... "ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေနပ်၊ နက်ပကျွန်းနဲ့ ပလူတိုဂြိုဟ်... ဟုတ်တယ် မဟုတ်လား"

"အမှန်ပေါ့" ဆိုင်ပိုင်ရှင်က သူ့ရဲ့လက်ညှိုးဖြစ်ဟန်တူတဲ့ လက်တစ်ချောင်းကိုထောင်ရင်း ပြောလိုက်တာပါ။ "တကယ်တော့ ဘဝရဲ့ပြောင်းလဲမှုအဆင့်တွေအကြောင်းကို ပြောကြတဲ့အခါ နေနဲ့လကိုလည်း ကျုပ်တို့က ဒီအစီအစဉ်အတိုင်း ထည့်သွားထားတယ်။ လ၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ နေ၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေနပ်၊ နက်ပကျွန်းနဲ့ ပလူတိုဂြိုဟ် ဆိုပြီးတော့ပေါ့"

ဆိုင်ပိုင်ရှင်က ဘဝရဲ့ပြောင်းလဲမှုအဆင့်တွေအကြောင်း ပြည့်ပြည့်စုံစုံ ရှင်းပြတာကို ကျွန်မ နားထောင်နေခဲ့တယ်။

"ပထမဆုံးက မွေးဖွားရာကနေ အသက် ခုနစ်နှစ်အထိကို လ သက်ရောက်အဆင့်နဲ့ အစပြုတယ်။ ခင်ဗျားရဲ့ အသိအမြင်၊ အာရုံခံစားမှုနဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်ခံစားမှုတွေ ဖွံ့ဖြိုးလာတဲ့အဆင့်ပေါ့။

"နောက်တစ်ဆင့်ကတော့ ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်အဆင့်။ အသက် ရှစ်နှစ်ကနေ ၁၅ နှစ်အရွယ်အထိ ခင်ဗျားရဲ့ကမ္ဘာဟာ ကျဉ်းမြောင်းနေဆဲပဲ။ ဒါပေမဲ့ ခင်ဗျားဟာ ဖြည်းဖြည်းချင်း လူ့အသိုင်းအဝိုင်းထဲကို တိုးဝင်ပြီး အသိပညာအမျိုးမျိုးတို့ကို စုပ်ယူတယ်။ လူတွေကြားမှာတော့ ကျောင်းနေစ အချိန်ပိုင်းကာလတွေနဲ့ ဒီအဆင့်နဲ့က ညီမျှတယ်။

"ပြီးတော့ သောကြာဂြိုဟ် သက်ရောက်အဆင့်ကို ရောက်တယ်။ ဒီအဆင့်ကတော့ အသက် ၁၆ နှစ်ကနေ ၂၅ နှစ်အထိ ကြာတယ်။ ဒီအဆင့်မှာ ကိုယ့်ရဲ့ ပိုပန်းသွင်ပြင်အပေါ် စပြီး စိတ်ဝင်စားလာတယ်။ ပျော်ရွှင်မှုရဲ့ အဓိပ္ပာယ်ကို ရှာဖွေတယ်။ ပြီးတော့ ချစ်တတ်လာအောင် သင်ယူတယ်။ သောကြာဂြိုဟ် သက်ရောက်အဆင့်ဟာ အချစ်ရေး၊ သာယာပျော်ရွှင်ခြင်း၊ အေးအေးလူလူရှိခြင်းတွေနဲ့ ဆက်စပ်နေတယ်"

"ဒါတော့ ဟုတ်သား" ဒီအဆင့်က အထက်တန်း နောက်ဆုံးနှစ်တွေ၊ ကောလိပ်ကျောင်းတက်တဲ့နှစ်တွေနဲ့ သွားတိုက်ဆိုင်နေတာကို တွေးမိသွားလို့ပါ။

"အဲဒါပြီးတော့ နေသက်ရောက်အဆင့်က အသက် ၂၅ ကနေ ၃၅ အထိ ဒီအဆင့်မှာ ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်တဲ့အတောအတွင်း ခင်ဗျား သင်ယူခဲ့တဲ့ အရာတွေ၊ သောကြာဂြိုဟ် သက်ရောက်တဲ့အတောအတွင်း ခင်ဗျားရရှိခဲ့တဲ့ ပျော်ရွှင်မှုတွေအပေါ်မှာ အခြေခံပြီး ဘဝမှာ ကိုယ့်လမ်းကိုယ်ကျောင်းပြီး နေတတ်သွားအောင် နောက်ဆုံးအနေနဲ့ သင်ယူရမှာ။

"ပြီးတော့ အခုပေါ့။ အခုအချိန်မှာ ခင်ဗျားက အင်္ဂါဂြိုဟ် သက်ရောက်အဆင့်ထဲကို ရောက်နေတယ်။ ဒီအဆင့်က အသက် ၃၅ ကနေ ၄၅ နှစ်အထိ ကြာတယ်။ ခင်ဗျားဘဝတစ်လျှောက် သင်ယူရရှိခဲ့သမျှ အရာအားလုံးကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ပြီး ခင်ဗျားရဲ့အရည်အချင်း အစစ်အမှန်ကို တောက်ပခွင့်ပေးရမယ့်အချိန်ပေါ့"

"အသက် ၄၀ ဆိုတာ လူတစ်ယောက်ရဲ့ အလုပ်နဲ့ ဆိုင်တဲ့ ဘဝအတွက် အထွတ်အထိပ်ကို အရောက်ဆုံးအချိန်လို့ လူတွေ ပြောကြတယ်


mgyoe.com

mgyoe.com
SAMPLE BOOK


မဟုတ်လား" လို့ ကျွန်မ တုံ့ဆိုင်းဆိုင်း ရေရွတ်လိုက်မိပါတယ်။

ဆိုင်ပိုင်ရှင်က အသက် ၄၆ ကနေ ၅၅ အထိကို ကြာသပတေးဂြိုဟ် သက်ရောက်အဆင့်၊ ၅၆ ကနေ ၇၀ ကို စနေဂြိုဟ်၊ ၇၁ ကနေ ၈၄ နှစ်အထိ က ယူရေနပ်၊ ၈၅ ကနေ သေဆုံးအချိန်အထိ နက်ပကျွန်းဆိုပြီး ဂြိုဟ် သက်ရောက်အဆင့်တွေကို ဆက်ရှင်းပြနေလေရဲ့။ ဒီအထဲမှာ သေခြင်းတရား ကို မျက်မှောက်ပြုလိုက်ရတဲ့ အခိုက်အတန့်ကိုတော့ ပလူတိုဂြိုဟ် သက် ရောက်အဆင့်လို့ ပြောသွားပါတယ်။

"ဒီတော့ နက္ခတ်ဗေဒင် သဘောအရဆိုရင် ခင်ဗျားရောက်နေတဲ့ အင်္ဂါ ဂြိုဟ် သက်ရောက်အဆင့်ဟာ 'လူလားမြောက်တဲ့အရွယ်' ကို နောက်ဆုံးမှာ ခြေချနိုင်သွားတဲ့အဆင့်လို့ ဆိုရမယ်။ ဒါ ခင်ဗျားကို အများကြီး ငယ်ရွယ် နေသေးတဲ့ အမျိုးသမီးတစ်ယောက်ဖြစ်အောင် ဖန်တီးပေးနေတဲ့ အကြောင်း အချက်ပဲ"

'ငယ်ရွယ်တဲ့အမျိုးသမီး' ဆိုတဲ့ သူ့ရဲ့အသုံးအနှုန်းမှာ ကျွန်မ ရှက် သွေး ဖြာသွားမိပါတယ်။

"ဒါပေမဲ့ တစ်ခါတလေမှာ ခင်ဗျားဟာ ရှေ့ကအဆင့်တွေကို မှန်မှန် ကန်ကန် မပြီးမြောက်ခဲ့ဘူးဆိုရင် နောက်တစ်ဆင့်ကို ခရီးပေါက်ဖို့က ခက် သွားနိုင်တယ်"

"မှန်မှန်ကန်ကန် ပြီးမြောက်တယ်ဆိုတာက ဘာကိုဆိုလိုတာလဲရှင်" ကိုယ်ကို အရှေ့ကိုင်းပြီး မေးလိုက်မိတယ်။

ဆိုင်ပိုင်ရှင်က ပြုံးလိုက်ရင်း အခုလောလောဆယ်က အချိန်မကျသေး သလိုမျိုး လက်ကို ယမ်းလိုက်တယ်။ "ပိုအရေးကြီးတဲ့ မေးခွန်းက ခင်ဗျား ဗိုက်မဆာဘူးလား"

သူမေးလိုက်တော့မှပဲ ကျွန်မ အတော်ကလေး ဆာလောင်မွတ်သိပ် နေတာကို သတိထားမိလိုက်တယ်။ အခုမှပဲ နေ့လယ်စာ ခေါက်ဆွဲပြုတ် စားပြီးကတည်းက ကျွန်မ ဘာမှ မစားဖြစ်သေးတာကို တွေးမိတယ်။ ဒီ အိပ်မက်က ထူးထူးဆန်းဆန်း အစစ်အမှန်လိုပါပဲလား။

သင်းပျံ့ချိုမွှေးတဲ့ ရနံ့တစ်ခုက လေနဲ့အတူပါလာတယ်။ ကျွန်မ လှမ်း


mgyoe.com

mgyoe.com


ကြည့်လိုက်တော့ ဆိုင်ပိုင်ရှင်ဟာ ပဲန်ကိတ်တွေ ပြည့်သိပ်နေအောင် ထည့်ထားတဲ့ လင်ပန်းတစ်ချပ်နဲ့အတူ အနားကို ပြန်ရောက်လာတယ်။

"ဒါ ကျုပ်တို့ရဲ့ အထူးဟင်းလျာတွေထဲကတစ်ခုပဲ။ လဝန်းပဲန်ကိတ်တွေ" လို့ လိပ်ခွံကြောင်က ဝင့်ကြွားတဲ့အသံနဲ့ ပြောတယ်။ သူက ပဲန်ကိတ်တွေကို လက်ဖက်ရည်အဖန်တစ်ခွက်နဲ့အတူ စားပွဲပေါ် ချပေးတယ်။ ပန်းကန်ပြားဖြူဖြူတစ်ချပ်ပေါ်မှာ ပဲန်ကိတ်တွေကို ထပ်တင်ထားပြီး အပေါ်မှာ ထောပတ်လုံးတစ်လုံးကို တင်ထားတယ်။

"လပြည့်ညတွေမှာ သိပ်လူကြိုက်များတဲ့ ဟင်းလျာပေါ့" လို့ စင်ကာပူကြောင်က ဝင်ပြောတယ်။

တာ့ခ်ဆီဒိုကြောင်ကလည်း "ကြယ်တာရာ သကာရည်ကို များများဆမ်းပြီးတော့စားဗျ" တဲ့။

ခေါင်းညိတ်ပြလိုက်ပြီး ထောပတ်ပေါ်ကို သကာရည်တွေ ကျွန်မလောင်းချလိုက်တယ်။ သူ့နာမည်လိုပါပဲ။ ကြယ်တာရာသကာရည်ဟာ ဝင်းလဲ့တောက်ပလို့နေတယ်။ ထောပတ်ပေါ်ကို ဖြည်းဖြည်းချင်း စီးကျသွားပြီး ပဲန်ကိတ်တွေအပေါ်ကိုပါ စိမ့်သွားတယ်။

ကျွန်မ ရှိုးတိုးရှန့်တန့်နဲ့ ဦးညွှတ်လိုက်ပြီး ခက်ရင်းနဲ့ ဓားကို လှမ်းယူလိုက်တယ်။ ခက်ရင်းတွေ၊ ဓားတွေဟာ မှန်ကြည့်လို့ရလောက်အောင် ပြောင်လက်နေတယ်။ တစ်ကိုက်စာလောက်လှီးပြီး ပါးစပ်ထဲကို ထည့်လိုက်တယ်။ သိမ်မွေ့နူးညံ့တဲ့ ချိုမြိန်မှုက လျှာပေါ်မှာ ပျော်ဝင်သွားတယ်။ ပျစ်ပျစ်နှစ်နှစ်ထောပတ်နဲ့ ကြယ်တာရာသကာရည်တို့ရဲ့ ပေါင်းစပ်မှုက ထူးကဲလှပေစွ။ အရင်တုန်းက စားခဲ့ဖူးတဲ့ အရသာလိုလိုနဲ့ စားဖူးသမျှ ဘာအရသာနဲ့မှ တူမနေပြန်ဘူးလေ။

ဒါ ကျွန်မ လိုအပ်နေတာနဲ့ ကွက်တိပါပဲ။ အရင်က ပဲန်ကိတ်ကို တစ်ခါမှ မစားဖူးဘဲနဲ့ အခုမှ ပထမဆုံး စပြီးစားဖူးတဲ့ အရသာမျိုးလေ။

ပြီးတော့ လက်ဖက်ရည်ခွက်ဆီ လက်ရောက်သွားတယ်။ နို့မပါ၊ သကြားမပါတဲ့ အဖန်ရည်သက်သက်ပဲ။ တစ်ငုံသောက်ကြည့်တယ်။ အခါးနည်းနည်းမှမစွက်တဲ့ အဖန်ရည်ရဲ့ လေးပင်တဲ့အရသာကို ရတယ်။ လည်


mgyoe.com

mgyoe.com
SAMPLE BOOK


ချောင်းထဲမှာ နွေးခနဲဆင်းသွားပြီး အဲဒီအနွေးဓာတ်က ကျွန်မခန္ဓာကိုယ် တစ်ခုလုံးကို ညင်ညင်သာသာနဲ့ ဖြာထွက်သွားသလို ခံစားလိုက်ရတယ်။

"ဒါလည်း အရသာရှိတာပဲ" လို့ပြောပြီး ခွက်ကို ချထားလိုက်တယ်။

"လက်ဖက်ရွက်တွေကိုက လပြည့်ညမှာ ခူးထားတာလေ။ သူတို့မှာ လွတ်မြောက်ခြင်းဆိုင်ရာ အရည်အသွေးတွေရှိတယ်" လို့ ဆိုင်ပိုင်ရှင်က ရှင်းပြတယ်။

"လွတ်မြောက်ခြင်းဆိုင်ရာ အရည်အသွေးတွေ ဟုတ်လား"

"ဟုတ်တယ်၊ ပြည့်နေတဲ့လဟာ ကျုပ်တို့ကို အကြောင်းကိစ္စတွေနဲ့ ပတ်သက်ပြီး လက်လွှတ်နိုင်စွမ်းကို ပေးတယ်။ နောင်တ၊ မနာလိုမှု၊ စွဲလမ်းမှု တို့လို မကောင်းတဲ့ စိတ်ခံစားချက်တွေလည်း အပါအဝင်ပေါ့"

လက်ဖက်ရည်တစ်ငုံ ထပ်သောက်လိုက်တယ်။ ကျွန်မ လက်လွှတ်ချင် ခဲ့တာ အဲဒါတွေချည်းပဲ မဟုတ်ပါဘူး။ ကိုယ့်အပေါ် သူများတွေ ဘယ်လို ထင်မြင်ကြမလဲဆိုတာကို ကြောက်ရွံ့တဲ့စိတ်၊ ဝေဖန်ခံရမှာကို စိုးရိမ်တဲ့စိတ်၊ အမှန်ကို အမှန်အတိုင်း ရင်မဆိုင်ရဲတဲ့ အကျင့်တွေကိုလည်း လွှတ်ချလိုက် ချင်ပါပြီ။

"ကျွန်မ နည်းနည်းလောက်တော့ လက်လွှတ်ပေးလို့ ရတန်ကောင်းပါရဲ့" ဆိုပြီး ရေရွတ်လိုက်မိတယ်။ မျက်ရည်တွေဟာ ပါးပြင်ပေါ်ကို တလိမ့်လိမ့် ကျဆင်းလာတယ်။ ခပ်မြန်မြန်ပဲ သုတ်ပစ်လိုက်တယ်။

"အို... မပူပါနဲ့။ အကုန်လုံး သွန်ချပစ်လိုက်။ ဒီမှာ တို့ကြောင်တွေက လွဲရင် ဘယ်သူမှ ရှိတာမှမဟုတ်တာ။ မဟုတ်ဘူးလား" လို့ တာ့ခ်ဆီဒိုကြောင် က ခပ်မြူးမြူးပဲ ပြောလိုက်တယ်။

ဆိုင်ပိုင်ရှင်ကတော့ ကျွန်မကို သနားကြင်နာတဲ့ မျက်လုံးတွေနဲ့ ငုံ့ကြည့် နေတယ်။ "ခင်ဗျား တစ်ခါမှ ကောင်းကောင်းမငိုခဲ့ရဘူးမဟုတ်လား။ ဒီမှာ ကျုပ်ပြောမယ်။ အဆင်မပြေမှုတွေ၊ အခက်အခဲတွေနဲ့ ကြုံရတဲ့အခါ ငိုကြွေး ခြင်းက ခင်ဗျားအတွက် ကောင်းခြင်းတွေအများကြီးကို ပေးနိုင်တယ်။ ရေ ဟာ အရာအားလုံးကို ဆေးကြောသန့်စင်ပေးတယ်လေ"

ဒီအတောအတွင်းမှာ ကျွန်မ ကိစ္စတွေအများကြီးကို ကြုံခဲ့ရတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ငိုကြွေးခွင့်မပေးခဲ့ပါဘူး။ ကျွန်မ လုပ်ခဲ့တာဆိုလို့ လောကကြီးက ထွက်ပြေးပုန်းရှောင်ဖို့လုပ်ရင်း ချောင်တစ်ချောင်မှာ ခွေခွေလေး လှဲနေလိုက်တာပါပဲ။

ကျွန်မ ပါးနှစ်ဖက်မှာ ကျဆင်းလာတဲ့ မျက်ရည်တွေဟာ မယုံနိုင်လောက်အောင် ပူနွေးလို့နေပါတယ်။ မေးစေ့ကနေ တွဲခိုလာတဲ့ မျက်ရည်စက်တွေဟာ ကြယ်တာရာသကာရည်လိုမျိုးပဲ ဝင်းတလဲ့လဲ့နဲ့ရယ်ပါ။ မျက်ဝန်းမှာ မျက်ရည်တွေ အိုင်ထွန်းလာတာနဲ့အမျှ ကျွန်မ ရှိုက်လိုက်မိပါတယ်။ တစ်ချိန်လုံး ကျွန်မ ဖိနှိပ်ထားခဲ့ရတဲ့ ဝေဒနာတွေအားလုံး ပွင့်အန် သွန်ကျလာတယ်နဲ့ တူပါရဲ့။

ကျွန်မ အချိန်အကြာကြီး ငိုလိုက်မိသလိုပါပဲ။ မော့ကြည့်လိုက်တော့ ဆိုင်ပိုင်ရှင်ရော နောက်ကြောင်နှစ်ကောင်ပါ အနားမှာ မရှိတော့ဘူး။ တစ်ဖက်လှည့်လိုက်တော့မှ လပြည့်ညကော်ဖီဆိုင်ထဲမှာ စောင့်နေတဲ့ သူတို့ကို တွေ့လိုက်ရပါတယ်။

"အေးအေးဆေးဆေး အချိန်ယူပါ" လို့ ကျွန်မကို ပြောနေကြသယောင်ယောင်။ ကျွန်မ သူတို့ကို ဦးညွှတ်လိုက်ပြီး စားပွဲပေါ် ကို ကြည့်လိုက်တယ်။ ပဲန်ကိတ်တွေက နွေးနေတုန်းပဲ။ ထောပတ်ကတော့ အရည်ပျော်ပြီး ပဲန်ကိတ်တွေရဲ့ နူးညံ့ပွရွတဲ့ မျက်နှာပြင်ထဲကို စိမ့်ဝင်ကုန်ကြပြီ။

ခက်ရင်းတွေ၊ ဓားတွေကို ပြန်ကောက်ကိုင်ပြီး ကျွန်မ နောက်တစ်ကြိမ် ထပ်စားတယ်။ တစ်နေရာရာကနေ သာယာညင်းပျောင်းတဲ့ စန္ဒရားသံ သဲ့သဲ့ကို ကျွန်မ ကြားလိုက်ရတယ်။ ဘီသိုဗင်[၁] ရဲ့ စိမိုင်နာနဲ့တီးထားတဲ့ Piano Sonata No.8 (Pathétique) ပါ။

တေးသွားနာမည်က ကျွန်မအတွက်တော့ အမြဲတမ်း ဝမ်းနည်းစရာကောင်းသလိုလိုပါပဲ။ ဒါပေမဲ့ ဒီတေးသွားမှာ ငြင်းချက်ထုတ်စရာမလိုအောင် ဖြေသိမ့်ရာရစေတဲ့ အရာတစ်ခုခု ရှိပါတယ်။ ပျောင်းနွဲ့တဲ့ နရီစည်းချက်က ဒီလိုမြစ်ကမ်းတစ်လျှောက်မှာ ခြေဦးတည့်ရာကိုလျှောက်ပြီး ပြည့်ပြည့်ဝဝ သာနေတဲ့ လမင်းကြီးကို၊ ဒါမှမဟုတ် ချယ်ရီပန်းတွေကို ခဏလောက်

၁။ Ludwig van Beethoven - ကမ္ဘာကျော် တေးပြုစာဆိုနှင့် စန္ဒရားပညာရှင်။



mgyoe.com